ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့ (25-3-2013) (၇၄၃၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကရိုလို့စ် ပါပူးလိယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်တိုးနီယိုစ် ဆာမာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၄

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတရုံးမိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနဝမဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီး ဒေါက်တာ ဒေါ်မြင့်ဌေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲတွင် မြန်မာကစားသမားအများစု အနိုင်ရ

နေပြည်တော် မတ် ၂၄

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် အားကစားဝန်ကြီးဌာနမှ စီစဉ်ကျင်းပသော နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ (ပန်ကြပ်ဆီလတ်ပြိုင်ပွဲ)၏ အမျိုးသားတစ်ဦးချင်းအတိုက်ပြိုင်ပွဲများကို မတ် ၂၄ ရက် နံနက် ၉ နာရီမှ စတင်ကာ အားကစားလေ့ကျင့်ရေးစခန်း (၁)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာ (က) အသင်းနှင့် (ခ) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အမျိုးသားတစ်ဦးချင်းအတိုက်ပြိုင်ပွဲ ပွဲစဉ်ပေါင်း ကိုးပွဲကျင်းပခဲ့ရာ မြန်မာနှစ်သင်းစလုံးမှ ကစားသမားခြောက်ဦး အနိုင်ရရှိခဲ့ပြီး သုံးဦးရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပသော အမျိုးသားတစ်ဦးချင်း အတိုက်ပြိုင်ပွဲ (Tinding) ပွဲစဉ်များအနက် ၅၀-၅၅ ကီလိုတန်းကွာတားဖိုင်နယ်ပွဲစဉ်တွင် မြန်မာ (ခ) အသင်းမှ ဆန်းထူးက အင်ဒိုနီးရှားမှ ဆာဟ်ရီပယ်လ်အီပန်ဒီကို ဒိုင်ငါးဦးစလုံး၏ အနိုင် ၅း၀ ဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သည်။

၄၅-၅၀ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာ (ခ) အသင်းမှ ဇေယျာက မလေးရှားမှ မိုဟာမက် ဖီကရီကို ဒိုင်ငါးဦးစလုံး၏ အနိုင် ၅း၀

သတင်း ➢ လေဒီ၊ ဓာတ်ပုံ ➢ ကိုကိုစိုးညွန့်

ဖြင့်လည်းကောင်း၊ မြန်မာ (က) အသင်းမှ အေးဝင်းလှိုင်က ထိုင်းမှ အက်ဒီဆွန်ဆမ်ယာကို ဒိုင်လေးဦးတစ်ဦး၏အနိုင် ၄း၁ ဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

၅၀-၅၅ ကီလိုတန်းတွင် မြန်မာ(က)အသင်းမှ နိုင်လင်းက ထိုင်းမှ အာရီဖာဒါမာကို ဒိုင်လေးဦးတစ်ဦး၏ အနိုင် ၄း၁ ဖြင့် အနိုင်ရသည်။

၅၅-၆၀ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ဟာမွတ်ဒင်နှင့် မလေးရှားမှ ဟူစနီနာယမ်တို့၏ ပွဲစဉ်တွင် မလေးရှားမှ ဟူစနီနာယမ် မပြိုင်သဖြင့် အင်ဒိုနီးရှားမှ ဟာမွတ်ဒင်အနိုင်ရပြီး အဆိုပါအတန်းတွင် မြန်မာ(ခ)အသင်းမှ ရဲကျော်သူက မြန်မာ(က)အသင်းမှ ရဲနိုင်ဦးကို ဒိုင်ငါးဦးစလုံး၏အနိုင် ၅း၀ ဖြင့် အနိုင်ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကြေးမုံ စာတည်း ရှု‌ထောင့် ၂၅-၃-၂၀၁၃၊ တနင်္လာနေ့

ရေကို ချွေတာပါ

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟူသည့် ဆိုစကားရှိသည်။ ရေသည် လူသားအားလုံးအတွက် မရှိမဖြစ်အရေးပါသောအရာဖြစ်သည်။ ရေကို သဘာဝအလျောက် အလွယ်တကူရရှိနိုင်သကဲ့သို့ အလွယ်တကူမရရှိနိုင်သော ဒေသများလည်းရှိသည်။

ထို့ကြောင့် ရွှေကို မလို၊ ရေကိုသာ လိုသည်ဟု ဆိုကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ အသက်တမျှအရေးကြီးသော ရေကို တန်ဖိုးထား၍ ဖြုန်းတီးမပစ်ဖို့ လူသားအားလုံးတွင် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံရှိ လူဦးရေအများဆုံးနေထိုင်ရာ ရန်ကုန်မြို့တွင် မြို့နေပြည်သူအများအတွက် နေ့စဉ်ပေးဝေသော ရေဂါလန် သန်း ၁၆၀ အနက် ပေးဝေသောရေပိုက်လိုင်းတစ်လျှောက် ရေပြုန်းတီးမှုနှင့် ရေလေလွင့်ဆုံးရှုံးမှုမှာ ဂါလန်ပေါင်း ၆၄ သန်းခန့်ရှိ၍ ဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်းခန့် ရှိနေသည်ဟု သိရသည်။ အလားတူ အခြားမြို့၊ အခြားနေရာဒေသများတွင်လည်း အနည်းနှင့်အများဆိုသလို ဆုံးရှုံးလေလွင့်မှုများ ရှိနေပါသည်။

ထိုကဲ့သို့ အလဟဿဆုံးရှုံးမှုများနှင့်ပတ်သက်ပြီး ရေနှင့်သက်ဆိုင်သော အဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ သုံးစွဲကြသော ပြည်သူတို့တွင်လည်း အဓိကတာဝန်ရှိပါသည်။ ရေကို အလွယ်တကူ ရရှိနေသော ပြည်သူများအဖို့ ရေပိုက်ခေါင်းများကိုဖွင့်ထားခြင်း၊ လိုအပ်သည်ထက် ပိုမိုသုံးစွဲခြင်းတို့ကို ရှောင်ရှားသင့်ပေသည်။

ယခုအခါ နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ ရေကို ပိုမိုခြိုးခြံချွေတာသုံးစွဲကြရန် လိုအပ်ပေသည်။ ရေလောင်းအိမ်သာသုံးစွဲမှုမှာ မြို့ပြနေအိမ်အများစုတွင် သုံးစွဲလာကြပြီဖြစ်၍ မြို့ပြနေပြည်သူအချို့သည် ရေပြုန်းတီးမှု၏ အရေးပါသော လက်သည်ဖြစ်လာပေသည်။

ရေအိမ်သာဆွဲပုံးတစ်ပုံးလျှင် ရေထမ်းပုံးတစ်ပုံးစာမျှရှိပြီး လူတစ်ဦး တစ်နေ့ နှစ်ကြိမ် သုံးစွဲ ရုံမျှဖြင့် ရေတစ်ထမ်း(ရေ ၁၀ ဂါလန်)မျှ ကုန်ဆုံးလျက်ရှိရာ မိသားစုတစ်စုနေထိုင်သော အိမ်အတွက် ရေဂါလန်များစွာကုန်ဆုံးနေမည်ဖြစ်သည်။

ဤတွင် ချိုးရေ၊ သုံးရေမပါဝင်သေးပေ။ ရန်ကုန်မြို့တွင် ပြည်သူများအတွက် ရေဂါလန် သန်း ၁၆၀ ဖြည့်ဆည်းပေးနေရသဖြင့် ထိုအထဲမှ လေလွင့်သွားသော ရေများကို ထည့်သွင်းလိုက်လျှင် အမှန်တကယ်လိုအပ်သော ရေအတွက် များစွာ နစ်နာမှုရှိမည်ဖြစ်ပေသည်။

နိုင်ငံတကာတွင် ရေအိမ်၌ သုံးစွဲသည့်ရေကို လိုအပ်သလို လျှော့ချသုံးစွဲရန် ကြံဆောင်နေပြီဖြစ်ရာ မိမိတို့နိုင်ငံအဖို့လည်း ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ပေသည်။

ထို့ကြောင့် ရေပိုက်ဆက်များ မလုံခြုံခြင်း၊ ရေပိုက်ခေါင်းများ လုံခြုံစွာ မပိတ်မိခြင်း၊ ရေကို အလွန်အကျွံသုံးစွဲခြင်း၊ ရေအိမ်ခွက်များ မကြာခဏ ဆွဲချအသုံးပြုခြင်းတို့ကို သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

ရေနှင့်သက်ဆိုင်သော သူများက ကြပ်မတ်ကြပြီး သုံးစွဲသူများကလည်း စနစ်တကျသုံးစွဲ ကြမည်ဆိုလျှင် ပိုလျှံနေသောရေကို လိုအပ်နေသော ပြည်သူများသို့ ပေးဝေနိုင်မည့်အပြင် နိုင်ငံတော်ဘဏ္ဍာလည်း သက်သာမည်ဖြစ်၍ မိမိတစ်ကိုယ်ရေ ခြိုးခြံချွေတာ စနစ်တကျ ဆောင်ရွက်လျက်ရှိသဖြင့် မြတ်သော ရေအလှူ အလွယ်တကူရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံကြီးသား စိတ်ဓာတ်မွေးမြူကာ ရေကိုချွေတာ၍ ကုသိုလ်ယူမည့် နိုင်ငံသူ နိုင်ငံသားများ ဖြစ်စေကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

သူ့အတွေး သူ့အရေး

တင်ထွန်း

အရည်ကျိုကားနှင့် အရည်ကျိုလူသား

ကျွန်တော်က ပင်စင်စားတစ်ဦးပါ။ အသက်က (၇၀) ရှိပြီး ကျန်းမာရေးလည်းမကောင်းသဖြင့် အိပ်ရာထဲလဲနေရတဲ့ နာတာရှည်လူနာတစ်ဦး ဖြစ်နေပါပြီ။ ပင်စင်ရပြီးခါစ အသက် (၆၀)ကျော်ကတည်းက ဝေဒနာက စပြီးခံစားလာရတာပါ။ အဲ့ဒီကာလကတော့ အိပ်ရာထဲလဲတဲ့ အဆင့်မဟုတ်တဲ့အတွက် အပြင်ကို သွားသွားလာလာ လုပ်နိုင်ပြီး လူနာလာမေးတဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ ဆွေမျိုးတွေနဲ့ စိတ်ပျော်ရွှင်မှုရှိနေပါသေးတယ်။ အခု (၇၀) ရောက်ပြီဆိုတော့ ရောဂါက ပိုဆိုးလာသလို လူနာမေးအသိမိတ်ဆွေတွေ၊ ဆွေမျိုးတွေ အလာပါးသွားပြီး တစ်ယောက်တည်း အဖော်မဲ့ကာ အိပ်ရာထဲမှာပဲ နေ့တွေ ကုန်ဆုံးလာပါတော့တယ်။ မနက်ဆို သားသမီးတွေကလည်း အလုပ်ကိုယ်စီနဲ့ဆိုတော့ ကျွန်တော့်အတွက် လုပ်ပေးစရာရှိတာတွေ လုပ်ပေးပြီး အလုပ်ရှိရာ အသီးသီးကို ထွက်သွားကြပါတော့တယ်။ အိမ်မှာရှိတာကတော့ မြေးယောကျ်ားကလေးဖြစ်ပြီး အသက်အားဖြင့် (၂၀)ကျော်လောက် ရှိပြီထင်ပါတယ်။ သူ့မိဘများက စင်ကာပူကို ကျောင်းတက်ခိုင်းခဲ့သော်လည်း ဖြစ်ဖြစ်မြောက်မြောက်သင်ကြားမှုမရှိဘဲ ရန်ကုန်ပြန်ရောက်လာပြီး ပွဲစားယောင်ယောင်၊ အကျိုးဆောင်ယောင်ယောင်နဲ့ ယောင်ခြောက်ဆယ်ဖြစ်နေပါတယ်။

တစ်နေ့တော့ အိမ်ဘေးကားဂိုဒေါင်ဆီမှ သူ့ရဲ့ အသံကို ကျယ်ကျယ်လောင်လောင်ကြားလိုက်ရတော့ ကျွန်တော့်မှာ ကြက်သီးမွေးညင်းထပြီး ဒေါသစိတ်လည်း အတော်ဖြစ်ခဲ့ရပါတယ်။ သူက သူ့အဖော် ကားပွဲစားတွေနဲ့ အခုလိုပြောနေတာ ကြားရပါတယ်။

“ဒီမှာပြထားတဲ့ကားက အရည်ကျိုကားပေါ့ဗျာ၊ ကျွန်တော့်အဘိုး (ကျွန်တော့်ကို ပြောတာပါ)အရာရှိဘဝက ဝယ်ထားတဲ့ကားဖြစ်ပြီး အရည်ကျိုသံမဏိစက်ရုံပို့ဖို့ကိစ္စမှာ ယခုထိသဘောမတူသေးဘဲ သူ့ကားလေးကိုပဲ သံယောဇဉ်ရှိနေတုန်းဖြစ်နေတယ်ဗျ၊ (ကျွန်တော်ကတော့ အရည်ကျိုကားအပ်ပြီး ကားသစ်ဝယ်ဖို့ ငွေလည်း မလိုက်နိုင်သေးတဲ့အတွက် ကျန်းမာရေးကိစ္စ ပေါ်လာရင် အရေးပေါ်သုံးနိုင်ရန် မအပ်သေးဘဲ ထားရှိနေခြင်းပဲ ဖြစ်ပါတယ်)။

အခုတော့ဗျာ သူလည်းပဲ သူ့ကားလိုပဲ အရည်ကျိုအဆင့်ရောက်နေပြီဗျ၊ အိပ်ရာပေါ်လဲနေပြီ၊ မကြာခင် ရေဝေး ဒါမှမဟုတ် ထိန်ပင်မှာ အရည်ကျိုရတော့မှာပါ။ သူ့အရည်ကျိုဖို့ အရင်သွားရင်တော့ သူ့ကားအရည်ကျိုဖို့ ကိစ္စ အမြန်ဖြစ်မှာမို့ တစ်ခါတလေတော့ သူ့ကို အရည်ကျိုဖို့ ရေဝေးကိုအရင်ပို့ရင် ကောင်းမလားလို့ စဉ်းစားမိတယ်ဗျဟု ရယ်သလို မောသလိုနဲ့ပြောတာ ကြားရတော့ ကျွန်တော်ဘုရားတမိပါရဲ့။

တကယ်တော့ ကျွန်တော်တို့လို နာတာရှည်လူနာ အဘိုးအို၊ အဘွားအိုတွေဟာ ကားဟောင်းအဆင့် အတန်းနဲ့ဆိုရင် အရည်ကျိုအဆင့်(ကားနံပါတ် ဆ၊ဇ အဆင့်တွေဖြစ်မယ်ထင်ပါတယ်)ရောက်ရှိနေပြီဖြစ်ပါတယ်။ ကားဟောင်းတွေလိုတော့ သံမဏိစက်ရုံအပ်ပြီး ကားသစ်ပြန်ဝယ်လို့မရဘဲ လူသားအရည်ကျို အဆင့်တွေဖြစ်တော့ နောင်ဘဝကောင်းစားဖို့အတွက်ကတော့ ဘုရားတရားကိုပဲ ကြိုးစားအားထုတ်အာရုံပြုနေရပါတော့မယ်။

ဒါ့ကြောင့် အရည်ကျိုအဆင့်ရောက်နေပြီး အသုံးမဝင်တော့တဲ့ (ကားဟောင်းလောက်တောင် တန်ဖိုးမရှိတော့တဲ့) ကျွန်တော်တို့လို အဘိုးအို၊ အဘွားအို မိတ်ဆွေများကို မကြာခင်အရည်ကျိုခံရတော့မည်ဖြစ်တဲ့အတွက် (ကားဟောင်းက ကားသစ်ဖြစ်ရသလို) ပိုမိုမြင့်မြတ်တဲ့ နိဗ္ဗာန်ကို ရောက်ရှိအောင်သာ ဘုရား၊ တရား ကြိုးစားအားထုတ်နေကြပါလို့ စေတနာကောင်းနဲ့ပဲ သတိပေးပါရစေခင်ဗျာ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီမီထရီရိုစ် အေဗရာ မိုပေါ်လော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လယ်မြေဧက ခြောက်ထောင်ကျော် အကျိုးပြုမည့် သရောပုတ်ချောင်း

ကျောက်တန်း မတ် ၂၄

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းမှ အရှည် ၆ ဒသမ ၇ မိုင်ရှိသော တိမ်ကောနေသည့် သရောပုတ်ချောင်းကို တူးဖော်နေပြီဖြစ်သည်။ ယင်းချောင်းတစ်လျှောက် အကျိုးဝင်ရွာများဖြစ်သည့် တူးမြောင်းကွင်း၊ စစ်တစ်ပင်ကွင်း၊ ခနောင်ကွင်း၊ စင်မကော်ကွင်းနှင့် တံတားမြို့အမှတ်(၃)ရပ်ကွက်မှ အကျိုးဝင်လယ်သမား ၄၃၄ ဦးပါဝင်ပြီး စိုက်ပျိုးမြေဧကမှာ ၆၂၃၄ ဧကဖြစ်သည်။

အဆိုပါ သရောပုတ်ချောင်းကို အကျယ် ပေ ၂၀နှင့် အနက် ခြောက်ပေကျယ်ဖြစ်အောင် တူးဖော်မည်ဖြစ်ပြီး ချောင်းပြီးစီးသွားပါက လယ်ယာစိုက်ပျိုးမြေဧက ခြောက်ထောင်ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

အောင်ဆွေ(ရွှေတံတား)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့်ရက် ယာယီရွှေ့ဆိုင်း

နေပြည်တော် မတ် ၂၄

၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် (၃)ရက်(သောကြာနေ့)မှ တပေါင်းလပြည့်ကျော် ၁၁ ရက် (စနေနေ့)အထိ (၂၀၁၃ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၆ ရက်အထိ) လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်(ကြာသပတေးနေ့)မှ တပေါင်းလပြည့်ကျော် ၁၅ ရက်(ဗုဒ္ဓဟူးနေ့)အထိ (၂၀၁၃ ခုနှစ် ဧပြီ ၄ ရက်မှ ၁၀ ရက်အထိ)လည်းကောင်း တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

သို့ရာတွင် အချို့သောမြို့နယ်များ၌ အရေးပေါ်အခြေအနေ ကြေညာထားသည့်အတွက် စာမေးပွဲများကို တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပနိုင်ခြင်းမရှိပါသဖြင့် အဆိုပါစာမေးပွဲကျင်းပမည့်ရက်ကို ယာယီရွှေ့ဆိုင်းကြောင်းနှင့် ကျင်းပမည့်ရက်ကို မြန်မာနှစ်သစ်ကူးပြီးနောက်ပိုင်းတွင် ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ နိုင်ငံတော်သံဃမဟာနာယကမှ

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် ၎င်းတို့၏ဇနီးများ၊ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

နေပြည်တော် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ကျင်းပသော လူမှုဝန်ထမ်းဦးစီးဌာနနှင့် Unicef တို့ ပူးပေါင်းကျင်းပသည့် မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် Unicef (မြန်မာ)မှ စီမံကိန်းမန်နေဂျာ ဒေါ်ဖြူစင်ငွေသော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Mr. Gregory Cathcart က လူသားချင်းစာနာမှုဆိုင်ရာ မိုင်းလုပ်ငန်း၏ အဓိကမဏ္ဍိုင် (၅)ရပ်နှင့် အသိပညာ၊ သဘောထားနှင့် အမူအကျင့်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၏ အခြေခံသဘောတရားများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၄

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

အာရှနှင့်ဆက်နွယ်သော ဒုစရိုက်ဂိုဏ်း ဩစတြေးလျဖြိုခွင်း မူးယစ်ဆေးဝါးနှင့် ဒေါ်လာသန်းချီတန်ဖိုးရှိ ပစ္စည်းများသိမ်းဆည်း

ဆစ်ဒနီ မတ် ၂၄

နိုင်ငံတကာ ဒုစရိုက်ဂိုဏ်းတစ်ခုကို ဖြိုခွင်းနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများနှင့် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က မကြာမီကထုတ်ဖော်ပြောကြားခဲ့သည်။

တစ်နှစ်ကြာ စုံစမ်းထောက်လှမ်းပြီးနောက် အနည်းဆုံးလူ ၂၇ ဦးကို ထိန်းသိမ်း၍ ဩစတြေးလျဒေါ်လာ လေးသန်းဖိုး ငွေစက္ကူများကိုလည်း သိမ်းဆည်းခဲ့သည်။

၎င်းဂိုဏ်းကို ဖမ်းဆီးနိုင်ရန် ဩစတြေးလျရဲတပ်ဖွဲ့သည် တရုတ်၊ ဟောင်ကောင်၊ မကာအို၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ မြန်မာနိုင်ငံတို့မှ ဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရသည်။

သတင်းများတွင် အဆိုပါရာဇဝတ်ဂိုဏ်းသည် ဆစ်ဒနီ၊ မဲလ်ဘုန်းမြို့များမှ ထွက်ပြေးကြသည်ဟုဆိုသည်။

ဖော်ပြ

အကြိမ်ကြိမ် ဝင်ရောက်စီးနင်းခဲ့ရာတွင် မူးယစ်ဆေးဝါး ၉၂ ပေါင်၊ ကာစီနိုသဘော်ပေါ်မှ ဒေါ်လာငွေအမြောက်အမြား၊ တန်ဖိုးကြီးမားသော ကျောက်မျက်ရတနာများနှင့် ဇိမ်ခံကားတစ်စီးကိုပါ သိမ်းဆည်းရရှိခဲ့သည်။

အဆိုပါဂိုဏ်းသည် ဩစတြေးလျနိုင်ငံ၌ လှုပ်ရှားနေသည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်ကြောင်း၊ တရားမဝင် မူးယစ်ဆေးဝါးများကို နိုင်ငံအတွင်းသို့သွင်း၍ ဖြန့်ဖြူးလျက်ရှိကြောင်း၊ အမြတ်ငွေများကို ပြည်ပသို့တရားမဝင်ငွေလွှဲပို့လျက်ရှိကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထပ်မံဖမ်းဆီး

စုံစမ်းစစ်ဆေးမှု ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖမ်းဆီးမှုများ ဖြစ်လာဖွယ်ရာရှိသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ **ဘီဘီစီ။**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ယာဉ်မတော်တဆဖြစ် ၂၃ ဦးသေဆုံး၊ ၃၀ ကျော်ဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် မတ် ၂၄

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားရာ ၂၃ ဦးထက်မနည်း သေဆုံး၍ ၃၀ ကျော် ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

မတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က ပန်ဂျပ်ပြည်နယ်မြို့တော် လာဟိုးအနောက်မြောက်ဘက်မှ ကီလိုမီတာ ၄၀ ခန့်ကွာဝေးသော ရှိကူပူရာခရိုင်အနီးတွင် ဘတ်စ်ကားတစ်စီးက လမ်းဘေးရှိတိုင်အား ပြင်းထန်စွာ ဝင်ဆောင့်မိခြင်းဖြစ်ကြောင်း ဒေသခံရုပ်မြင်သံကြား ချယ်နယ်ဒန်ယာက ထုတ်လွှင့်ဖော်ပြသည်။

အဆိုပါခရီးသည်တင် ဘတ်စ်ကားသည် လာဟိုးမြို့မှ ပန်ဂျပ်ပြည်နယ်အလယ်ပိုင်းရှိ စက်မှုလက်မှုနှင့်ဆိုင်သော အဓိကကျသည့်မြို့တစ်မြို့ဖြစ်သည့် ပိန်ဆာလာဘတ်သို့ သွားလာခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးများ လျင်မြန်စွာ ရောက်ရှိလာကြောင်း သတင်းတွင်ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူများအား ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ပြီး ဒဏ်ရာရသူများအနက် ဒဏ်ရာပြင်းထန်သူများ ပါဝင်၍ သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း၊ မတော်တဆဖြစ်ရမှုမှာ သတ်မှတ်မိုင်နှုန်းကိုကျော်၍ မောင်းနှင်ခြင်းကြောင့်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **ဆင်ဟွာ။**

ဆီးနှင်းများ လွန်ကဲစွာကျဆင်းသောကြောင့် ဆီးနှင်းဖုံးနေသော လမ်းများ၊ အိမ်များ၊ ကားများကို တွေ့ရစဉ်။

ဗြိတိန်တွင် ရာသီဥတုဆိုးရွားနေ၊ လမ်းမကြီးနှင့်လေဆိပ်အချို့ ပိတ်ထားရ

လန်ဒန် မတ် ၂၄

ယူကေတွင် ရာသီဥတု ဆက်လက်အေးမြလျက်ရှိရာတွင် ဆီးနှင်းများ၊ မိုးနှင်းများနှင့် မိုးရွာသွန်းခြင်းတို့ကြောင့် ခရီးသွားလာခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းတို့တွင် အဟန့်အတားဖြစ်လျက်ရှိသည်ဟု စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လမ်းမကြီးများနှင့် လေဆိပ်အချို့ကို ပိတ်ထားရသည့်အပြင် စနေ၊ တနင်္ဂနွေ အားကစားအစီအစဉ်များကိုလည်း ရပ်ဆိုင်းထားရသည်။ နိုင်ငံ၏ မြောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် ဆီးနှင်းများကျရောက်လျက်ရှိရာ အင်္ဂလန်၏ အရှေ့တောင်ပိုင်းနှင့် တောင်ပိုင်းများအထိ ပျံ့နှံ့လိမ့်မည်ဟု မျှော်လင့်ရသည်။ သောကြာနေ့တွင် ဆီးနှင်းများကျဆင်းကာ ရာသီဥတုဆိုး ရွားသဖြင့် အိုင်ယာလန်မြောက်ပိုင်း၊ စကော့တလန်၊ ဝေးလ် နှင့် အင်္ဂလန်တို့တွင် စာသင်ကျောင်းရာပေါင်းများစွာ ပိတ်ထားရသည်ဟုဆိုသည်။ **ဘီဘီစီ။**

နိုင်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် သေနတ်သမားများတိုက်ခိုက်၊ ၂၅ ဦးသေဆုံး

အန်ရီ မတ် ၂၄

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ အကျဉ်းထောင်တစ်ခု၊ ရဲစခန်းတစ်ခုနှင့် ဘဏ်တစ်ခုတွင် သေနတ်သမားများ ဝင်ရောက်တိုက်ခိုက်ရာ လူ ၂၅ ဦး သေဆုံးသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားကြောင်း မတ် ၂၄ ရက် သတင်းတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း အက်ဒါမာဝါပြည်နယ် ဂန်ရီမြို့တွင် အဆိုပါတိုက်ခိုက်မှုများဖြစ်ပွားခြင်းဖြစ်ကြောင်း အက်ဒါမာဝါပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက်အီဗရာဟင်က မတ် ၂၄ရက်တွင် ပြောကြားသည်။

သေနတ်သမားများက အကျဉ်းထောင်အား တိုက်ခိုက်စဉ် ထောင်ကျအကျဉ်းသားများ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ၎င်းတို့က ဘဏ်တစ်ခုနှင့် အရက်ဆိုင်နှစ်ဆိုင်ကိုပါ တိုက်ခိုက်ကြောင်း မိုဟာမက်အီဗရာဟင်က ပြောကြားသည်။

ဘဏ်အားတိုက်ခိုက်စဉ် ငွေမည်မျှပါသွားသည်ကို သေချာစွာမသိရသေးဟုဆိုသည်။ သေနတ်သမားများက ဗုံးများ၊ စက်သေနတ်များနှင့် လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ကြကြောင်း၊ ဘဏ်၊ အကျဉ်းထောင်နှင့် ဘီယာဆိုင်များအား တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း အီဗရာဟင်က ဖြည့်စွက်ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာများအား ရဲတပ်ဖွဲ့ဝင်များက တပ်ဖြန့်ကာရှာဖွေစဉ် မပေါက်ကွဲသေးသော ဗုံးသုံးလုံး၊ ရိုင်ဖယ်သေနတ်တစ်လက်နှင့် လက်နက်ခဲယမ်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ **ဆင်ဟွာ။**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်၊ တပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံး

ပါကစ္စတန်အနောက်မြောက်ပိုင်းဝါဇီရစ္စတန်ဒေသ၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားနှင့် လုံခြုံရေးအဖွဲ့များကို တွေ့မြင်ရစဉ်။

အစ္စလာမ္မာဘတ် မတ် ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မျိုးနွယ်စုများနေထိုင်ရာ မြောက်ဝါဇီရစ္စတန်ဒေသရှိ စစ်ဘက်ဆိုင်ရာ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် မတ် ၂၃ ရက် ညပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ မတ် ၂၄ ရက် နံနက်ပိုင်းတွင် သေဆုံးသူဦးရေ ၁၇ ဦးအထိ သေဆုံးခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ကားဗုံး

အဆိုပါလုံခြုံရေးစစ်ဆေးရေးဂိတ်သို့ အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ်တင်ထားသောကားကို မောင်း၍ဝင်ရောက်လာကာ ဗုံးခွဲလိုက်ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

သေဆုံးသွား

ပေါက်ကွဲမှုဖြစ်ပွားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး သေဆုံး၍ ၃၀ ကျော် ဒဏ်ရာရရှိကြောင်း၊ မတ် ၂၄ ရက် နံနက်ပိုင်းတွင် ဒဏ်ရာရရှိသူများအနက် ၁၂ ဦးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းအသေခံဗုံးဖောက်ခွဲမှုသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်ကြောင်း သေချာစွာမသိရသေးဟု ဆိုသည်။ **ဆင်ဟွာ။**

ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းခွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၂၃ ရက်တွင် အထူးစီမံကိန်းကြီး အဖွဲ့(၅)က တည်ဆောက်နေသော ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင် ရန်ကုန်ဘက်ကမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ တံတား လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန်၊ လုပ်ငန်းတိုးတက်မှုရှိစေရေး တာဝန်ရှိသူများက အမြဲမပြတ် ကြီးကြပ်ကွပ်ကဲရန်၊ ရေလယ်တိုင် ဘိုးပိုင်တူးရာတွင် အမှားအယွင်းမရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်းများကိုလည်း မိုးမကျမီ ကြိုတင်စီမံ ဆောင်ရွက်ရန်တို့ကို မှာကြားပြီး တံတားလုပ်ငန်းများ၊ Cap လုပ်ငန်းနှင့်Shaft တိုင်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေလယ်တိုင်အမှတ် (RP3)နှင့် (RP4)တို့တွင် ကွန်ကရစ် လောင်းနေမှု၊ လှိုင်သာယာဘက်ကမ်းတွင် တံတားလုပ်ငန်းများ၊ Cap လုပ်ငန်းနှင့် Shaft တိုင်လုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ဘုရင့်နောင်တံတား အမှတ်(၂)သည် ရန်ကုန်ဘက်ကမ်းတွင် ဘိုးပိုင် ၁၀၂ လုံးရှိသည့်အနက် အားလုံးပြီးစီး၍ Cap လုပ်ငန်းနှင့်Shaft တိုင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လှိုင်သာယာဘက်ကမ်း တွင် ဘိုးပိုင်အလုံး ၂၀၀ အနက် အလုံး ၁၄၀ ဆောင်ရွက်ပြီး ရေလယ်တိုင်ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရားတပ်ခွဲ(တောင်)သို့ရောက်ရှိပြီး အစည်းအဝေး ခန်းမဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်မြဝင်းနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက စက်ယန္တရား များကို လုပ်ငန်းလိုအပ်သည့်နေရာများတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အသုံးပြုရေး၊ စက်ယန္တရားများ ပြင်ဆင်ရာတွင် အလေအလွင့်မရှိအောင်နှင့် ကောင်းမွန် အောင် ဆောင်ရွက်ရေး၊ စက်ယန္တရားများ မောင်းနှင်သည့် ဝန်ထမ်းများအား ကျွမ်းကျင်မှုရှိအောင်သင်တန်းများပို့ချ ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ငွေဖြင့် ဝယ်ယူထားသော စက်၊ ယာဉ်၊ ယန္တရားများ ရောက်ရှိမှု၊ စက် မောင်းဝန်ထမ်းများအား United Machinery Group မှ စက်ယန္တရားများ လက်တွေ့အသုံးချမှုနှင့် ပတ်သက်၍ သင်တန်းပို့ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ် စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်ပေါ်လာစေရေး။

❖ သတင်းရယူမှုမှ

အမေရိကန် ပြည်ထောင်စု၌ အနာဂတ်ကာလတွင် သတင်း လုပ်ငန်းသုံး စက်ရုပ်လေယာဉ်ငယ် များ အသုံးတွင်ကျယ်လာမည်ဟု မျှော်လင့်ရသည်။ အမေရိကန် အထက်လွှတ်တော် တရားရေး ကော်မတီသည် ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ လူနေဒေသများ၌ စက်ရုပ်လေယာဉ်ငယ်များအသုံးပြုမှု ပိတ်ပင်ချက်ကို ပြန်လည်ရုပ်သိမ်း ပေးရန် ထောက်ခံတင်ပြမည်ဟု မျှော်လင့်ရသည်။

စက်ရုပ်လေယာဉ်ငယ် အခြေပြု သတင်းစုဆောင်းခြင်းဘာသာရပ်တွင် ယင်းလေယာဉ်ငယ် အသုံးပြုကာ သတင်းဓာတ်ပုံ ရိုက်ကူးခြင်းနှင့် သတင်းမှတ်တမ်းဗီဒီယိုရိုက်ကူးခြင်း ဆိုင်ရာ သင်ခန်းစာများ ပါဝင်ကြောင်း ပါမောက္ခအယ်လင်က ပြောကြား သည်။

စက်ရုပ်လေယာဉ်ငယ် အသုံးပြု၍ သတင်းစုဆောင်းရာတွင် ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များ ကို ထိပါးခြင်းမရှိစေရန် နီတိကျင့်ဝတ် ရှိရမည်ဖြစ်ကြောင်း ၎င်းက ပြောကြား သည်။

ယုပီအိုင်

သတင်းရယူစုဆောင်းရာတွင် မောင်းသူမဲ့စက်ရုပ်လေယာဉ်ငယ်ကို အသုံးပြုနိုင်ရန် သုတေသနပြု လေ့လာနေစဉ်။

လုပ်သားပြည်သူ့ဝိုင်းဝန်းကူ ရန်သူမီးဘေး စဉ်ကင်းဝေး

✻ ကျောဖုံးမှ

သို့သော် ယခုအခါ ဟိုင်းကြီးကျွန်းကို ကားဖြင့်သွားလို့ ရအောင် ခမောက်မော်ချောင်းကိုဖြတ်၍ တံတားတစ်စင်း တည်ဆောက်နေပြီဟု သတင်းကြားရသောကြောင့် မရောက်ရောက်အောင်သွားခဲ့ခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းခရီးစဉ်တွင် ကျွန်တော်တို့သတင်း အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မှ တစ်ဆင့် ကားတစ်စီးဖြင့် ပုသိမ်-သလပ်ခွာ- မော်တင်စွန်း ကားလမ်းအတိုင်းလာခဲ့ခြင်းဖြစ်ပြီး မော်တင်စွန်းသို့ မရောက်မီ အဆိုပါ ပုသိမ်-သလပ်ခွာ- မော်တင်စွန်း ကားလမ်း မိုင်တိုင်အမှတ် ၉၁ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံ ကြားမှ ခွဲဆင်းကာ ခမောက်မော်ချောင်း ကမ်းပါးအရောက် တွင် ပဲ့ထောင်မော်တော်ဖြင့် တစ်ဆင့်ဖြတ်သန်းသွားခဲ့ ခြင်းဖြစ်သည်။

အဆိုပါ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲသည် ဧရာဝတီတိုင်း ဒေသကြီးအတွင်းကဖြစ်သော်လည်း အခြားသောမြို့များနှင့် ကုန်းလမ်း(ကားလမ်း) ဟူ၍ ဆက်သွယ်၍ မရအောင် ပင်လယ်နှင့်မြစ်ချောင်းတို့က ဝန်းရံလျက်ရှိသည်။ “မြစ်ကို မြင်လျှင်တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းသည် ဟိုင်းကြီးကျွန်းကို ဘယ်မြို့နယ်နှင့်မျှ ဆက်သွယ်၍မရအောင် ကြားကခံနေ သည့် ခမောက်မော်ချောင်းကိုဖြတ်၍ တံတားတစ်စင်း တည်ဆောက်ပေးနေခြင်းဖြစ်သည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် နံနက်မိုးလင်း နေထွက်သည်နှင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ ဆောက်လုပ်ပြီးစီးနေသည့် တံတားတိုင်ကြီးများနှင့် တူးလက်စတံတားတိုင်များကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ သည်။ ၎င်းနောက် လုပ်ငန်းခွင်ကို ကြီးကြပ်နေသော အင်ဂျင်နီယာမှူး ဦးလင်းထိုက်အား တံတားတည်ဆောက် ရေးစီမံကိန်းနှင့်ပတ်သက်၍ သိလိုသောအချက်များကို မေးမြန်းခဲ့ရာ ဦးလင်းထိုက်က ဟိုင်းကြီးကျွန်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည် ဆောက်နေခြင်းဖြစ်ကြောင်း၊ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် -1.5 mØ Bored Pile Foundation ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်နှင့် တည်ဆောက်ထား ကြောင်း၊ အပေါ်ထည်မှာနှစ်လွှာတစ်ထပ် ဘေလီတံတား ဖြစ်ကြောင်း၊ တံတားအရှည်ပေ ၈၇၀ နှင့် ရေလမ်း ကင်းလွတ် အကျယ်ပေ ၉၀၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၂၀ ရှိမှာဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ ၃၅ တန်ဖြစ်ကြောင်း ရှင်းပြ သည်။

ဟိုင်းကြီးကျွန်းသည်ပင်လယ်တွင်းက မြို့တစ်မြို့ဟု ဆိုရလောက်အောင် အရှေ့၊အနောက်၊တောင်၊မြောက်၊ လေးဘက်လေးတန်၌ ရေပင်လယ်တို့က ဝန်းရံနေသော ကြောင့် နာဂစ်ကာလက ပြေးစရာလမ်းမရှိ ဖြစ်ခဲ့ရသည်။ ယခု ခမောက်မော်ချောင်းကိုဖြတ်၍ တည်ဆောက်နေသော တံတားကြီးပြီးသွားလျှင် တံတားပေါ်မှကားနှင့်ဖြတ်၍ပုသိမ်- သလပ်ခွာ-မော်တင်စွန်း ကားလမ်းနှင့် ချိတ်ဆက်အသုံးပြုပြီး ပုသိမ်မှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ သွားလာနိုင်တော့ မည် ဖြစ်ပါသည်။ ။

တပေါင်းရယ်တဲ့ မိန်ရာသီ၊ ရွက်ဟောင်းကိုလေနှင်လို့၊ ပန်းတော်ဝင်၊ ရွှေအင်ကြင်းငယ်၊ သင်းပျံ့ခဲ့ပြီ။ နိတျာသန္တာနှစ်လိုပ၊ စီအမြွာညာသရစ်ကယ်တို့၊ ဝနာသစ်ပြောင်းခါမို့၊ ဆောင်းရာသီရယ်တဲ့ကုန်ကျွမ်း၊ သရဂုဏ္ဍီမှာ တူအညီသော်တာပြည့်ပါလို့၊ မျှော်ကြည့်သူကြည်ကြည်သာ၍ သည်အခါနွေသောင်ဦးမှာလ သဲစေတီသဘင်ထူးကို မြူးလို့ပျော်ခန်း။

(ဦးပြုံးချို၏ တပေါင်းလဘွဲ့)

သောတာပန်တို့ ဆုံစည်းရာလမြတ်မဟာ

ဝိသဇ္ဇက(ပဲခူး)

တပေါင်းလသည် ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေသောလဖြစ်၏။ ဆောင်းရာသီဆုတ်ခွာလျက် နွေရာသီဝင်လုမည့် အချိန်အခါဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ "နေ့ပူလို့ညချမ်း တပေါင်းလသရမ်း"ဟု ဆိုစမှတ်ပြုကြသည်။ ကဗျာကဝိပညာရှိတို့က တပေါင်းလကို တင့်တယ်သာယာသောလဟုမှတ်ယူကြသည်။ တပေါင်းလကုန်လုနီးသော ဝသန္တရတုကို သက္ကတ၌ "ရတုရာဇ" ဟုခေါ်သည်။ ရတု(ဝါ)ရာသီဥတုတကာတို့တွင် ရာဇ(ဝါ)ဘုရင်ဖြစ်သည်ဟု ဆို၏။ ထိုသို့ သာယာပုံကို ပေလေးပင်၊ ရှင်လေးပါးတွင် အပါအဝင်ဖြစ်သော ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ခေမာတို့နှင့် ခေတ်ပြိုင်ဖြစ်သူ ရှင်အုန်းညို(သက္ကရာဇ် ၈၁၅-၈၅၅) က ဂါထာခြောက်ဆယ်ပျို့ကို စပ်ဆိုထားခဲ့သည်။

"တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရောယှက်၊ မရန်းဖက်၍ တိမ်သက်တံရောင်၊ အဝါရောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဖက်လုံးခြုံ၊ တိမ်ဂငျုန်လည်း၊ နဂါးစုံကြွေ့၊ ရန်ချင်းတွေ့သော်၊ ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့"ဟူ၍ တပေါင်းလ၏ ကောင်းကင်တိမ်များ၊ ရောင်စုံခြယ်သ၊ လေရူးတိုက်သည့်ပုံကို ပီပြင်စွာဖွဲ့ဆိုထားခဲ့၏။

တပေါင်းဟူသော အမည်သည် တပို့တွဲကဲ့သို့ပင် ထန်းပင်ကို အကြောင်းပြုကာ ပေါ်လာသည်ဟူ၏။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ကြ၏။ "ထန်းပေါင်း" ဟု ခေါ်ဆိုရာမှ "တပေါင်း" သို့ရွေ့လျားလာခဲ့သည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် နှစ်မျိုးပြဆိုထားသည်။ ပထမ အဓိပ္ပာယ်မှာ အမရကောသအဘိဓာန်ကျမ်းတွင် တပသ္သား ပူပန်ခြင်းကောင်းသော တပေါင်းလဟု ပရိယာယ်ရှိ၏။ ကာလရှည်လျားသောကြောင့် သက္ကတဘာသာ တပသ္သား ပုဒ်မှပျက်၍ မြန်မာဘာသာတပေါင်းလဖြစ်သည်ဟူသော အယူအဆကို ရှေးဦးစွာတင်ပြ၏။ ထိုတပေါင်းလကိုပင် "တပံအာတပံ ဩဂစ္ဆန္တောဂစ္ဆတီတိ တပေါင်း"ဟူ၍ ရှေးဆရာမြတ်တို့ ဝိဂြိုဟ်ကြံကြ၏။ တပံ အာတပံ၊ ပူသောနွေဥတုရာသီသို့၊ ဩဂစ္ဆန္တော၊ သက်လျက်ဂစ္ဆာတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်တပေါင်း၊ တပေါင်းလမည်၏။ အမရကောသလာ"တပသ္သား" ဟူသော တပေါင်းလ ပရိယာယ်ပါဌ်နှင့် ဆီဆိုင်သင့်လျော်၏။ နေ့ပူညချမ်းဆိုရိုးနှင့် ညီညွတ်သည်ဟု ဒုတိယအယူအဆတစ်မျိုးအဖြစ် တင်ပြထား၏။

ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၌ နွေဦးကာလတပေါင်းလတွင် ထန်းတက်၍ ထန်းရည်သိမ်းဆည်းပြီးလျှင် ထန်းလျက်ချက်သည်ကို ဖွဲ့ဆိုထားသည်။ ဤသည်ကို ထောက်လျှင် ထန်းချက်သောလဟု ဆိုလျှင် ယုတ္တိတန်ဟုမှတ်ယူသူလည်းရှိ၏။

တချို့က ဤလရာသီတွင် နက္ခတ် ၁၂ လုံး စုပေါင်းပေါ်ထွက်ခြင်းကြောင့် တပေါင်းလဟုခေါ်သည်။ ဤလတွင် ဖဂ္ဂုဏခေါ် ဥတ္တရာဘရဂုဏ္ဏီနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဆံကျင်တာရာ ထွန်းပ၏။ ရာသီရုပ်မှာ ငါးနှစ်ကောင်ရေကူးနေပုံဖြစ်၏။

ရွက်သစ်လောင်း၍ ရွက်ဟောင်းမြေခသော တပေါင်းလတွင် သရဖီပန်းတို့ ပွင့်ကြ၏။ "ရွှေဥဩတွန်သံသာ၊ နွေဦးပေါက်တော့မှာ"ဟူသော ဆိုရိုးစကားအရ ဥဩငှက်တို့ တွန်သံသာဖြင့် နွေဦးကာလရောက်တော့မည်ကို တမ်းတဆွတ်ပျံ့ဖွယ်ကောင်းသည့် လတပေါင်း၏ သင်္ကေတပင်ဖြစ်တော့၏။

တစ်ဖန် တပေါင်းလအခါ၌ မြန်မာနိုင်ငံတန်ခိုးကြီးဘုရားများတွင် ဘုရားပွဲတော်များကို ကျင်းပလျက်ရှိကြသည်။ ရှေးအခါကာလ တပေါင်းလ ဘုရားပွဲသည် သဲပုံစေတီတည်ထားကိုးကွယ်ခြင်းမှ အစပြုသည်ဟု ဆိုကြသည်။

"တပေါင်းလသာ၊ လ-တကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမောတောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍ သဘင်အညီ၊ သဲစေတီဟု မြှောက်ချီးရွှင်ပ၊ လှူဒါန်းကြလျက်" ဟု စာဆိုဦးအောင်ကြီးက တပေါင်းလဘွဲ့ဖွဲ့ဆိုခဲ့သည့်အလျောက် တပေါင်းတွင် သဲပုံစေတီပူဇော်ခြင်းကို ပြုကြ၏။ သဲပုံစေတီပူဇော်ခြင်းအကျိုးကို ထေရာအပဒါန်၌ ပြဆိုထားသည်မှာ နာရဒမည်သော ရသေ့သည် ယမကတောင်အနီး ကျောင်းသခ်မ်း၌ သီတင်းသုံးနေစဉ် အမရိကမည်သောမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကို တည်သည်။ သက်တော်ထင်ရှားမြတ်စွာဘုရားကဲ့သို့ ရည်စူးကာရှိခိုး၏။ ဤအကျိုးဆက်ကြောင့် ကွယ်လွန်သောအခါ ပြဟ္မာပြည်သို့ရောက်လျက် ဘဝအဆက်ဆက်၌ နတ်ဘုံနတ်နန်း၌ သိကြားမင်းအဖြစ် အကြိမ်ကြိမ်၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစားရ၏ဟု ဖော်ပြထားသည်။

တပေါင်းလ၏ သာယာပုံကို ရှင်ဥတ္တမကျော်၏ တောလားကြီးတွင်-

"-----မြချပ်ရွက်စိမ်း လေညင်းသိမ်း၍ မစိမ်းမြယံ ရွှေဝါကြံသည့် လေပြန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍ ကျေးနှုတ်အသွင် ပုရစ်ဆင်သို့-----" ဟု ဖွဲ့ဆိုခဲ့သည့် ရွက်သစ်တို့ဝေ ရွက်ဟောင်းတို့ကြွေသည့် လေအဝှေ့တွင် ကျေးငှက်ပုရစ်တို့ သံစုံကျူးရင့်နေသည့်ပမာ ဟူ၍လည်းကောင်း၊ **"လေခမြေသက်၊ ချာန်ဝိတတ်သို့၊ သစ်ရွက်ယော်ယီ၊ ဣန္ဒနီဝယ်၊ သိဂီတဝက်၊ မြတဝက်နှင့် ဖက်၍ ဆေးစုံခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသာ"** ဟူ၍ လည်းကောင်း၊ ရောင်စုံပန်းချီကားကြီးသဖွယ် ရွက်ဟောင်းတို့ကြွေ၊ ရွက်သစ်တို့နုဝေလျက် အသစ်အသစ်တို့ဖြစ်ပုံကို ဖွဲ့ဆိုထားကြသည်။

မဟာသက္ကရာဇ် တစ်ရာ့သုံးခုနှစ်က တပေါင်းလတွင် ထူးမြတ်သောဖြစ်စဉ်မှာ-

- သာကီဝင်မင်းမျိုး ရဟန္တာဖြစ်သွားသည်မှာ တစ်သောင်းပြည့်သောနေ့
- ဖွားဖက်တော် ကာဠုဒါယီ မထေရ်မြတ် ရဟန္တာဖြစ်သောနေ့နှင့်
- မြတ်စွာဘုရားသည် ဖခမည်းတော် စံမြန်းရာ ကပိလဝတ်ပြည်သို့ ပြန်ကြွတော်မူသည်။
- ယသောဓရာမင်းသမီး ပရိဒေဝတောက်လောင်သောအခါတို့ဖြစ်ပေသည်။

သုဒ္ဓေါဒနမင်းကြီးက ကာဠုဒါယီအမတ်ကြီးအား သားဘုရားကို ကပိလဝတ်ပြည်သို့ကြွအောင် ပင့်လျှောက်ချေဟု အမိန့်တော်ရှိလေ၏။ ထိုအခါ ကာဠုဒါယီအမတ်က ဆောင်းဥတုကုန်လွန် နွေဥတုအပြောင်း သာယာလှပသော တပေါင်းလ၏ ကာလသမယတွင် မြတ်ဘုရားရှင်သည် ခမည်းတော်ရှိရာသို့ ကြွတော်မူသင့်ပါကြောင်း၊ ဂါထာပေါင်းခြောက်ဆယ်ကျော်ဖြင့် ဖွဲ့နွဲ့တင်လျှောက်လေသည်။ မြတ်ဘုရားသည် ကပိလဝတ်ပြည်သို့ ကြွတော်မူရန် ခရီးစဉ်၌ ဂမနိယဝတ်ကို ပြည့်စုံစေသော မဂဓတိုင်းသား သံဃာတစ်သောင်း၊ ကပိလဝတ်မြို့သား သံဃာတစ်သောင်းခြံရံလျက် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာတော်မူလာပါသည်။

ယူဇနာ ၆၀ (မိုင်အားဖြင့် ခုနှစ်ရာ့နှစ်ဆယ်ခရီး)ကို တစ်နေ့လျှင် တစ်ယူဇနာ (၁၂ ဒသမ ၇၂မိုင်)နှုန်းဖြင့် ခြေလျင်ခရီးကြွတော်မူသည်။ ကျက်သရေရှိလှသော ထိုခရီးကို နှစ်လတိတိကြာမြင့်ခဲ့သည်။ မြတ်စွာဘုရား၏ ၄၅ ဝါကြာသော ခရီးတစ်လျှောက်တွင် အထူးပင်အရေးပါအရာရောက်ပြီး အလွန်ရှည်လျားသော ခရီးကို ကြွချီတော်မူခြင်းဖြစ်လေ၏။

မြတ်ဘုရားရှင်သည် မွေးရပ်မြေ ကပိလဝတ်မှ ခွဲခွာလာခဲ့သည်မှာ ခုနစ်နှစ်နီးပါးရှိခဲ့ပါပြီ။ ခုနစ်နှစ်တင်းတင်းပြည့်သော မဟာသက္ကရာဇ် တစ်ရာ့လေးခုနှစ်၊ ကဆုန်လပြည့်နေ့မှာ နေပြည်တော်ဇာတိဌာနေ ကပိလဝတ်သို့ ရောက်ရှိခဲ့ပါသည်။ ကြာမြင့်စွာခွဲခွာခဲ့သည့်သားတော်ကို ခမည်းတော်မင်းကြီးနှင့်တကွ ကျွေးမိခင် မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းမျိုးအပေါင်းသည် တခမ်းတနား တဖွဲ့တနွဲ့ကြိုဆိုကြလေ၏။

ကပိလဝတ်နေပြည်တော်သို့ ရောက်ပြီးသည့်နောက်နေ့တွင် မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာများခြံရံလျက် ဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံတော်မူနေသော မြတ်ဘုရားရှင်ကို သုဒ္ဓေါဒနမင်းကြီးမြင်လေသော် နန်းတော်သို့ပင့်ကာ "အရှင်မြတ်ဘုရား၊ မဟာသမတမင်းမှစ၍ မြတ်ဘုရား၏ ဘိုးတော် သီဟဟနုမင်းအဆုံး သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာခြောက်ကျိပ်ကိုးယောက်သော အမျိုးအနွယ်တို့သည် တစ်ဦးတစ်ယောက်မျှ ဆွမ်းတောင်း၍ စားသည်ကို မကြားဖူးပါဟု လျှောက်လေ၏။

"ခမည်းတော်မင်းကြီး ရှေးမင်းစဉ်အဆက်ဆက်သည်ကား ဖခမည်းတော် မင်းတရားကြီးတို့၏ အမျိုးအနွယ်ကားမှန်ပေ၏။ ဒကာတော်၏သား ကျွန်ုပ် ဘုရားမှာမူကား ဂင်္ဂါဝါလုသဲစုအမျှ ပွင့်ကြပြီးသော သမ္မာသမ္ဗုဒ္ဓရာဇာ မဟာဝံသဖြစ်ပေသည်။ ထိုဘုရားတို့သည် ဖိတ်ကြားအပ်သော ဒကာ မရှိက ဆွမ်းခံ၍သာ ဖြည့်စမြဲဖြစ်ပါ၏။

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ
ဓမ္မစာရီ သုခံသေတိ၊ အသ္မိံလောကေ ပရမှိစ။

မြတ်ဘုရားတို့၏ အစဉ်အလာဖြစ်သော ဆွမ်းခံခြင်းကို မမေ့မလျော့ ကုသိုလ်ဆယ်ပါးမြတ်တရားကို အမြဲမကွာကျင့်ကြရ၏။ ထိုသို့ကျင့်ကြံခြင်းဖြင့် ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရသည်။ "ဓမ္မဥ္စရေ သုစရိတံ၊ နနံ ဒုစရိတံ စရေ" အစရှိသော ဂါထာတို့ကို ဟောတော်မူလေရာ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမ်တည်လေသည်။ မိထွေးတော်လည်း သောတာပန်တည်လေသည်။

နန်းမဆောင်တွင် မြတ်ဘုရားအား တစ်နန်းတော်လုံး အုန်းအုန်းကျွက်မျှ ဖူးမြော်ကြသော်လည်း ယသောဓရာမင်းသမီးက ခန်းမဆောင်တွင်းမှထွက်၍ မပူဇော်ပေ။ ကျေးဇူးသိက ကိုယ်တော်တိုင်ဝင်၍ ကြွတော်မူပါလိမ့်မည်ဟု ဆို၍သာနေ၏။ မြတ်ဘုရားရှင်ကို အလွန်စုံမက်နှစ်သက်လေးမြတ်လှသော ယသောဓရာ၏ မေတ္တာတို့သည် ဘဝအဆက်ဆက်ပါရမီဖြည့်ဆည်းခဲ့သည်။

မောင်တော်မြတ်သခင် ခွဲခွာသွားသော်လည်း ရှိစဉ်ကကဲ့သို့ ပြုစုခယမြဲဖြစ်သောဝတ်ကို မပြတ်ရှိခဲ့ပါ၏။ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီဟုကြားသော် အကျွန်ုပ်သည်လည်း ဖန်ရည်စွန်းသောအဝတ်ကိုသာဝတ်ပါ၏။ မောင်တော်သခင်သည် တစ်ထပ်သာစားသည်ဟုကြားသော် အကျွန်ုပ်လည်း တစ်ထပ်သာစားပါ၏။ မောင်တော်သခင်သည် မြတ်သောအခင်းနေရာကို ဖယ်သည်ဟုကြားသော် နိမ့်သောညောင်စောင်း၌သာအိပ်ပါ၏။ ပန်းနံ့သာအခိုးအထုံတို့ကို တပ်မက်ခြင်းမရှိသည်ဟုကြားသော် ပန်းနံ့သာတို့ကို တပ်မက်ခြင်းမပြုပါ။ အဆွေအမျိုးဖြစ်သော မင်းညီမင်းသားသူတစ်ပါးတို့ မြှောက်စားမြတ်လေစွာ စုံမက်ပါမည်ဟုဆိုကြသော်လည်း တစ်ယောက်ကိုမျှပြန်၍မတုံ့ပြန်ပါ။ စောင့်ထိန်းပါ၏။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ဆည်းလာခဲ့ပါ၏။ ဤမေတ္တာကျေးဇူးတို့အား ထောက်မျှော်၍ သနားတော်မူပါလျှင် နှမတော်ရှိရာသို့ ကိုယ်တော်တိုင် ကြွလာလိမ့်မည်ဟု တမ်းတနေ၏။

မြတ်ဘုရားရှင်သည် ယသောဓရာမင်းသမီး ကြေကွဲမတတ် ခံစားနေရသည်ကိုသိတော်မူ၍ နန်းဆောင်ခန်းမတွင်းသို့ အဂ္ဂသာဝကနှစ်ပါးနှင့်အတူ ကြွတော်မူကာ ခင်းထားပြီးသော ရတနာသလွန်ထက်၌ စံတော်မူ၏။ ထိုအခါ ယသောဓရာမင်းသမီး၏ မျက်ဝန်းတို့၌ စုလျက်ရှိသော မျက်ရည်တို့သည် ကြည်နူးမြတ်နိုးလှသော ပရိဒေဝသောကကြောင့် အစိုင်အခဲဖြစ်ကာ ပါးပြင်ပေါ်သို့ လိမ့်ကျစီးဆင်းခြင်းကား မတတ်နိုင်။ တောက်ပသောမျက်ဝန်းတော်ဖြင့်-

"ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာ၊ ဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းကာနမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာမျက်ရည်မဆည်နိုင်ပြီ ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန်လန်လုမတတ် ဆံဖြင့်ပွတ်သပ် ပါးဖြင့်အပ်၍ အထပ်ထပ်အားရအောင် ကန်တော့ရှာလေသည်"

သောတာပန်တို့ဆုံဆည်းရာ အခါသမယအဖြစ်သနစ်အား ရွှေတောင်မြို့ ကျီးသဲရွာလေးထပ်ကျောင်း ဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်းလာ မှတ်သားဖွယ်ရာသုတအချို့ကို သာယာထူးခြားသော တပေါင်းလနှင့် စပ်လျဉ်း၍ ဖော်ပြလိုက်ရပေသည်။

ခုနစ်နှစ်မျှ ကွဲကွာနေခဲ့ကြသည့် ဖခမည်းတော်၊ မိထွေးတော်၊ ဆွေတော်မျိုးတော်များနှင့် ယသောဓရာမင်းသမီးတို့၏ ဆုံတွေ့သောအခါ လွမ်းဆွေးတသဖြစ်ခဲ့ကြသည်မှာ ဝိပ္ပယောဂသင်္ဂါရရသနှင့် သန္တရသတို့အချိုးညီစွာ ပေါင်းစပ်နေတော့သည်။ သတရသဘောဇဉ် အရသာများစွာပါဝင်သည့် ထမင်းပွဲကို ခံစားရဘိသည့်အလား ဘဝအစုံစုံ၊ ရသအဖုံဖုံတို့ဖြင့် ပြည့်စုံကြည်နူးဖွယ်ကောင်းသော တပေါင်းလအခါဖြစ်ပေါ်လာရပေသတည်း။ ။



ဘားအံတွင် မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းဆောင်ရွက်

ဘားအံ မတ် ၂၄

ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်များ ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ပြီးနောက် ငြိမ်းချမ်းရေးဖော်ဆောင်သော အစည်းအဝေးများ ကျင်းပလျက်ရှိရာ ပြည်နယ်အစိုးရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ငြိမ်းချမ်းရေးအဖွဲ့များအတွက် မော်တော်ယာဉ်များ မှတ်ပုံတင်နိုင်ရေးနှင့် လိုင်စင်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

ဘုရင့်နောင် ကုန်စည်ဒိုင်ဝင်ကြေး လျှော့ချပေး

ရန်ကုန် မတ် ၂၄

ဘုရင့်နောင် ကုန်စည်ဒိုင်ပြည်တွင်း ပြည်ပဧည့်သည်ဝင်ကြေးနှင့် အသင်းသားများ ကတ်မေ့ကျန်ဒဏ်ကြေးများကို မတ်လဆန်းမှစ၍ သိသာစွာလျှော့ချပေးသဖြင့် ကုန်သည်များ အဆင်ပြေမှုရှိလာကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကုန်စည်ဒိုင်၏ မတ်လ ၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ကြေညာချက်အမှတ်(၄)နှင့် (၅)အရ ကုန်စည်ဒိုင်အတွင်းသို့ မြန်မာနိုင်ငံသား ဧည့်သည် ဝင်ရောက်ခြင်းအတွက် ပေးဆောင်ရမည့် ဧည့်ဝင်ကြေးအား မတ် ၄ ရက်မှ စတင်၍ ကျပ်ငွေ ၃၀၀၀ နှုန်း၊ အသင်းသားများ၏ ကုန်စည်ဒိုင်ဝင်ခွင့်ကတ်ပြား မေ့ကျန်ဒဏ်ကြေးအား ကျပ် ၃၀၀၀ နှုန်းသို့ ပြင်ဆင်သတ်မှတ်ကြောင်း၊ ကြေညာချက် အမှတ် (၆) မတ်လ ၆ ရက်နေ့စွဲဖြင့် နိုင်ငံခြားသား ဧည့်သည် ဝင်ရောက်ခြင်းအတွက် ပေးဆောင်ရမည့် ဧည့်သည်ဝင်ကြေးကို ကျပ် ၆၀၀၀ နှုန်းသို့ ပြင်ဆင်သတ်မှတ်ကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။

ယခင်နှုန်းထားဟောင်းမှာ အသင်းဝင်ကတ်မေ့ကျန်ကြေး ကျပ် ၅၀၀၀၊ ပြည်တွင်းဧည့်သည် ဝင်ခွင့်ကျပ်တစ်သောင်း၊ နိုင်ငံခြားသားဧည့်သည် ဝင်ခွင့်ကျပ် နှစ်သောင်းကျပ် ကောက်ခံရာမှ ယခုကဲ့သို့ ဖြေလျှော့မှုပေးလာကြောင်း၊ ကုန်စည်ဒိုင်အတွင်း ဆေးလိပ်သောက်၊ ကွမ်းစားခြင်းအတွက် ဒဏ်ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း ကုန်သည်များကဆိုသည်။

ရန်ကုန်ဝါးတန်းနှင့် ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်များတွင်လည်း ဧည့်ဝင်ကြေးကိုတစ်ဦးလျှင် ကျပ် ၅၀၀ ပေးဆောင်ရသည်ဟု ဆန်ကုန်သည်တစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မတ် ၂၁ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ အောင်ဇေယျာရပ် ပါဠိတက္ကသိုလ်ဥယျာဉ်ကျောင်း၊ ကိုးနဝင်းပရိယတ္တိ စာသင်တိုက်၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ သာသနာ့ဝေပုလ္လကျောင်းတို့သို့ ရောက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒဟတ်တန်းရပ်ကွက်အတွင်း နေအိမ်များ မီးလောင်ကျွမ်းနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၂ ရက်နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အားကစားကွင်းအတွင်းရှိ ဒုက္ခသည်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ခေါက်ဆွဲခြောက်၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် သောက်ရေသန့်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ(သက်တော် ၈၀၊ ဝါတော် ၆၀)၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ရွှေ့ဖုံးမှ**

၆၀-၆၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ရိုင်ယန်ဆာဇာလီက မြန်မာ(က)အသင်းမှ ထွန်းထွန်းအေးကို ဒိုင်ငါးဦး၏အနိုင် ၅း၀ ဖြင့်အနိုင်ရပြီး မြန်မာ(ခ)အသင်းမှ ကျော်နိုင်ထွန်းက မလေးရှားမှ မိုဟာမက်ဆိုင်ဖူလ်ဆာယာဝန်ကို ဒိုင်ငါးဦး၏ အနိုင် ၅း၀ ဖြင့် အနိုင်ရသည်။ **(အောက်ပုံ)**

၆၅-၇၀ ကီလိုတန်းတွင် မလေးရှားမှ မိုဟာမက်အယ်လ်ဂျက်ဖဲရီက မြန်မာ(ခ)အသင်းမှ ဝင်းကျော်ဇင်ကို ဒိုင်ငါးဦး၏ အနိုင် ၅း၀ ဖြင့် အနိုင်ရသည်။

ကျန်ရှိသည့် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအတိုက် ပြိုင်ပွဲများကို ညနေပိုင်းတွင် ဆက်လက်ကျင်းပပြီး ကျန်ပွဲစဉ်များကိုလည်း မတ် ၂၅၊ ၂၆ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် မတ် ၂၄

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ Southern အသင်းနှင့် ဇွဲကပင်အသင်းတို့ နှစ်ဂိုးစီ သရေကျသွားသည်။

နှစ်သင်းစလုံးနိုင်ပွဲရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး သရေရလဒ်ဖြင့်ပြီးဆုံးခဲ့သည်။ ဇွဲကပင်အသင်းမှာ Southern အသင်းထက် ခြေပိုသာခဲ့သလို မိနစ် ၈၀ တွင် ရရှိသည့် ဦးဆောင်ဂိုးကို မထိန်းနိုင်ခြင်း၊ ပွဲအစ ၁၅ မိနစ်တွင် ရရှိသော ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်ခြင်းကြောင့် သရေကျသွားခြင်းဖြစ်သည်။ ပွဲအစ တစ်မိနစ် မပြည့်ခင်မှာ ရဲအောင်က Southern အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဇွဲကပင်အတွက် ၃၃ မိနစ်တွင် နိုင်ဦးလွင်က ချေပဂိုး၊ မိနစ် ၈၀ တွင် ဗီလက်ဇ်စတီးက ဒုတိယဂိုးကို သွင်းယူခဲ့သော်လည်း ၈၅ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့် အောင်ရဲထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားသော ပွဲများတွင် ဧရာဝတီယူနိုက်တက်က

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

နိုင်ပွဲနှင့် ဝေးခဲ့ရသည့် ဇွဲကပင်

လက်ရှိချန်ပီယံ ရန်ကုန် ယူနိုက်တက်ကို သုံးဂိုး - တစ်ဂိုး၊ ဇေယျာရွှေမြေအသင်းက ရခိုင်ယူနိုက်တက်ကို ခြောက်ဂိုး - သုံးဂိုးတို့ဖြင့် အနိုင်ရရှိပြီး ကမ္ဘောဇနှင့် ရတနာပုံတို့ တစ်ဂိုးစီ သရေကျကာ မကွေးနှင့် ဟံသာဝတီတို့ ဂိုးမရှိ သရေကျသွားသည်။ ပွဲစဉ်(၆) အပြီးတွင် ဇေယျာရွှေမြေအသင်းက ရမှတ် ၁၅ မှတ်ဖြင့် ပထမ၊ လက်ရှိချန်ပီယံ ရန်ကုန်က ၁၂ မှတ်ဖြင့် ဒုတိယ၊ ကမ္ဘောဇအသင်းက ၁၁ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

(ရှိုင်းထက်ဇော်)

ဂန့်ဂေါမြို့နယ် ပြစ်မကျွာ၌ မီးလောင်မှုဖြစ်ပွား

ဂန့်ဂေါ မတ် ၂၄

ဂန့်ဂေါမြို့နယ် ပြစ်မကျေးရွာ၌ မတ် ၂၂ ရက် ည ၁၁ နာရီ ၅၅ မိနစ်တွင် ဦးဘဂျမ်း၏ နေအိမ် မီးကွင်းမီးကျန်မှ ကူးစက်ကာ မီးလောင်ကျွမ်းရာ လူနေအိမ် ၃၃ လုံး လောင်ကျွမ်း၍ ပြည်သူ ၁၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ မီးကွင်းမီးကျန်မှ ထရံသို့ ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကာ မြို့နယ်မီးသတ်ယာဉ် နှစ်စီး၊ ဒိုင်းရှင်း ပါရေသယ်ယာဉ် သုံးစီး၊ ရိုးရိုးရေသယ်ယာဉ် လေးစီးတို့ အချိန်မီရောက်ရှိငြိမ်းသတ်သဖြင့် မတ် ၂၃ ရက် နံနက် ၁ နာရီ မိနစ် ၂၀တွင် အပြီးသတ်ငြိမ်းသတ်နိုင်ကြောင်းနှင့် မီးဘေးသင့်ပြည်သူများအား ဆွေမျိုးသားချင်း နေအိမ်များ၌လည်းကောင်း၊ စာသင်ကျောင်း၌ လည်းကောင်း နေရာချထား၍ ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၆၅)

ပြည်နယ်/တိုင်းဒေသကြီးအလိုက် တာယာအရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများ တင်ဒါခေါ်ယူခြင်း

၁။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ)မှ ဥရောပနည်းပညာ **Sailun Tyre Technology**ဖြင့် အရည်အသွေးမြင့်မားသော အောက်ဖော်ပြပါ တာယာများထုတ်လုပ်၍ ပြည်တွင်း/ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

(က) **Truck & Bus Bias Tyre (TBB)**

(ခ) **Truck & Bus Radial Tyre (TBR)**

(ဂ) **Passenger Car Radial Tyre (PCR)**

၂။ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလိုသော အရောင်းကိုယ်စားလှယ်များအား ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးခြားဖြစ်စေ၊ အချို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် တွဲဖက်၍ဖြစ်စေ သတ်မှတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၃။ ၎င်းအပြင် ထုတ်လုပ်မည့်တာယာများမှာ အရည်အသွေးကောင်းမွန်မှုရှိပြီး **Sailun Tyre** ကဲ့သို့ ပြည်ပဈေးကွက် ရောင်းတမ်းဝင် ထုတ်လုပ်မည်ဖြစ်၍ ပြည်ပပို့ကုန်အဖြစ် **Export** လုပ်ငန်းဆောင်ရွက်မည့်သူများ သီးခြားလျှောက်ထားနိုင်သည်။ **Export** ဆောင်ရွက်လိုသူများအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမည်။

၄။ အရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ညှိနှိုင်းသတ်မှတ်ထားသော စပေါ်ငွေများ အာမခံတင်ထားရှိရမည်။ အရောင်းကိုယ်စားလှယ် လျှောက်လွှာများအား ၂၂-၄-၂၀၁၃ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း

ဦးဆောင်ညွှန်ကြားရေးမှူးရုံး	၀၁-၂၁၄၁၈၄
စီမံကိန်းများညွှန်ကြားရေးမှူးရုံး	၀၁-၆၅၆၈၉၄
စက်ရုံများဌာန	၀၁-၂၂၁၀၄၄
ကူးသန်းရောင်းဝယ်ရေးဌာန	၀၁-၂၁၆၁၁၈
တာယာစက်ရုံစီမံကိန်း(ရွာမ)	၀၁-၆၁၈၈၄၃/၆၁၈၈၄၄/၆၁၈၈၄၅

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား မိတ္ထီလာမြို့၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကြည့်ရှု

နေပြည်တော် မတ် ၂၄

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာလေတပ်စခန်း ဌာနချုပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ဒုတိယဝန်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ဆရာတော်များနှင့်အတူ မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌ ယာယီဖွင့်ထားသော ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြရာ ကယ်ဆယ်ရေးစခန်း၌ ကြိုတင်ရောက်ရှိနေသော အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးမှ ပုဂ္ဂိုလ်များက ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အထူးကိုယ်စားလှယ်သည် ဒုက္ခသည်များအား သိရှိလိုသည်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဒုက္ခသည်များအား ဆရာဝန်၊ ဆရာမများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုကာ ဒုက္ခသည်များ နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်း၍ အားပေးစကား ပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဒုက္ခသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်းသည်။

ယင်းနောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသော နေအိမ်အဆောက်အအုံများအား ကြည့်ရှုသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဒုက္ခသည်များအား မေးမြန်း၍ အားပေးစကား ပြောကြားသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် တာဝန်ရှိသူများက မိတ္ထီလာမြို့ရှိ ဒုက္ခသည်များ နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်း၍ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့အပြင် အထူးကိုယ်စားလှယ်သည် သာသနဝေပုလ္လကျောင်းတိုက်မှ ဆရာတော်များအား ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း အခြေအနေများ ပြန်လည်တည်ငြိမ်မှုရှိအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့မှုနှင့် ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီပို့ဆောင်ပေးခဲ့မှုတို့အပေါ် ကျေးဇူးတင်ပါကြောင်းဖြင့် လျှောက်ထားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုသည်။

ထို့အပြင် အထူးကိုယ်စားလှယ်သည် လူနာများ၏ဒဏ်ရာရရှိမှုအခြေအနေနှင့် ဆေးကုသပေးမှုအခြေအနေများကိုမေးမြန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ)ဒေါက်တာအောင်ထွန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တာဝန်ရှိသူများသည် မိတ္ထီလာမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့၌ လုံခြုံရေးတာဝန်ကျ ဝန်ထမ်းများနှင့် နယ်မြေခံတပ်မတော်သားတို့က အပျက်အစီးများအား ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့အတွင်း ဆူပူလှုပ်ရှားမှုများအတွက် အရေးပေါ်ကာလသတ်မှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများအတွက် အရေးပေါ်ကာလသတ်မှတ်၍ လုပ်ငန်းများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် ကော်မတီများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက် ည ၈ နာရီတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဗဟိုကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုကွပ်ကဲမှုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံခြုံရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပညာရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ သာသနာရေးဆိုင်ရာကော်မတီနှင့် ပြန်ကြားရေးကော်မတီတို့မှ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒေသ၏လုံခြုံရေးအခြေအနေများ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်၍ ကယ်ဆယ်ရေးဝန်ထမ်းများအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူအချို့အား ဖော်ထုတ်ဖမ်းဆီးအရေးယူထား

နေပြည်တော် မတ် ၂၄

မိတ္ထီလာမြို့၊ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာ၊ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူအချို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ သန်းဝင်း(၁၈)နှစ်၊ သန်းထွန်းအောင်(၃၀)နှစ်၊ သန်းထိုက်စိုး(၃၈)နှစ်၊ ကျော်စွာလှိုင်(၃၂)နှစ်၊ အောင်မျိုး(၂၅)နှစ်၊ ညီညီကျော်(၂၇)နှစ်၊ မောင်ညို(၅၀)နှစ်၊ အောင်နိုင်ဝင်း(၁၈)နှစ်၊ စိုးသူအောင်(၁၈)နှစ်၊ တင်အောင်(၃၂)နှစ်၊ ဝင်းဇော်(၃၆)နှစ်၊ လှထွန်းမြင့်(၂၉)နှစ်၊ စံလင်း(၂၀)နှစ်တို့ (၁၃)ဦးအား မိတ္ထီလာမြို့နယ် မြို့မရဲစခန်း၌ မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ တုတ်၊ ဓားလက်နက်ကိုင်ဆောင်သွားလာခဲ့သူ အခြား(၅၂)ဦးအား ခံဝန်ချက်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ လယ်ဝေးမြို့နယ် ရုံးပင်ရွာ၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင်ပါဝင်ခဲ့သည်ဟု ယူဆရသူ ဝင်းလှိုင်(၄၉)နှစ်၊ အောင်ဆန်းဦး(၄၈)နှစ်၊ လှိုင်ဝင်း(၄၆)နှစ်၊ ကျော်စိုး(၃၅)နှစ်၊ တင်ယုလှိုင်(၃၅)နှစ်တို့ (၅)ဦးအား မတ် ၂၃ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သတင်းရရှိသည့် အောင်နိုင်ဆွေ၊ အေးလွင်၊ စိုးလွင်၊ အောင်လှိုင်၊ ကိုရဲ၊ မောင်ထွေး၊ ကိုပြုံး၊ နိုင်စိုးအောင်၊ အောင်နိုင်နှင့် သန်းထွန်းတို့ (၁၀)ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ နိုင်ထွန်း(၂၂)နှစ်၊ အောင်မျိုးလွင်(၂၂)နှစ်၊ မှိုင်းကြီး(၂၂)နှစ်၊ ဖိုးဇော်(၃၅)နှစ်၊ ဝင်းမိုး(၂၅)နှစ်၊ အောင်နန်းတင်(၂၃)နှစ်၊ မိုးကောင်း(၂၃)နှစ်၊ မြင့်သိန်း(၄၀)နှစ်၊ နိုင်လင်း (၁၈)နှစ်၊ မျိုးမြင့်အောင်(၂၉)နှစ်၊ ဘိုရှိုင်း(၁၅)နှစ်၊ လှဦး(၄၀)နှစ်၊ တင်အောင်(၄၅)နှစ်၊ မျိုးဇော်ထွန်း(၂၁)နှစ်၊ ဇေယျာမောင်မောင်(၁၈)နှစ်၊ သန်းဇော်(၃၉)နှစ်၊ နန်းမျိုးအောင်(၁၈)နှစ်တို့ (၁၇)ဦးအား မတ် ၂၄ ရက် နံနက် ၂ နာရီခွဲတွင် ရမည်းသင်းရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

တရားဥပဒေစိုးမိုးရေးအတွက် အဆိုပါထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

...းကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ သမ္မတရုံး ...က် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် တာဝန်ရှိသူ ...်မှုအခြေအနေများကို မေးမြန်း၍ အားပေးစကား (သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် ဘာသာရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၄

မိတ္ထီလာမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် မိတ္ထီလာမြို့တော်ဝင်နန်း စားသောက်ဆိုင်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးခင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ၊ဒေါက်တာမောင်မောင်ဌေး၊ ဦးအေးကြူနှင့် ဦးဘုန်းဆွေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော် ဓမ္မဒူတဒေါက်တာ အရှင်ဆေကိန္ဒနှင့် ဆရာတော်ဝီရသူတို့အမှူးပြုသော ဆရာတော်များ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် ဒုက္ခသည်စခန်းအလိုက် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲမစတင်မီ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှင်းလင်းပြောကြားရာတွင် သတင်းမီဒီယာများ၌ မိတ္ထီလာမြို့သည် တစ်စပြင်ကဲ့သို့ ဖြစ်နေပြီဟု ရေးသားဖော်ပြခဲ့ကြကြောင်း၊ အစိုးရအနေဖြင့် ယခုအခါ အခြေအနေကို ထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ် မစ္စတာနမ်ဘီးယားက ယခုကဲ့သို့ မြန်မာနိုင်ငံကို လာခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ သို့သော် အပျက်အစီးများကို မြင်ရသည့်အတွက် ဝမ်းနည်းမိပါကြောင်း၊ အစဉ်အဆက်အတူတကွနေခဲ့ကြသည့် မိတ္ထီလာမြို့တွင် ယခုကဲ့သို့ ဖြစ်ပွားရသည့်အတွက် ဝမ်းနည်းစရာဖြစ်ပါကြောင်း၊ အိုးအိမ်၊ ပစ္စည်းဆုံးရှုံးသွားရသူများအနေဖြင့် နောက်တစ်ဖန်ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်ကို တွေ့ရကြောင်း၊ သို့သော် အမုန်းတရားဆိုသည်ကို မတွေ့ရပါကြောင်း။

အကြမ်းဖက်သူများကို ထိရောက်စွာအရေးယူသွားမည်ဟု အစိုးရက ပြောပြီးဖြစ်ပါကြောင်း၊ အာဏာပိုင်များ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့ကြခြင်းအပေါ် အသိအမှတ်ပြုပါကြောင်း၊ အတိတ်ကိုပြန်ပြင်၍မရသော်လည်း အနာဂတ်ကိုကြည့်ရန် အများကြီးစဉ်းစားရန်လိုအပ်ပါကြောင်း။

အချို့ကြားရသည့် သတင်းများတွင် မွတ်စလင်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များ ဒုက္ခရှောင်လွှဲရန် အတူတကွ ကြိုးစားခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းစရာများ ကြုံတွေ့ရသည့်ကြားမှာပင် ရိုင်းပင်းကူညီကြခြင်းသည် အဆိုးထဲမှအကောင်းပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အများကြီး အားတက်မိပါကြောင်း။

ထို့ပြင် ဘာသာရေးခေါင်းဆောင်များ အမြန်ဆုံးလာရောက်ပြီး ပြဿနာကို ဖြေရှင်းရန်လုပ်ဆောင်နေသည်ကိုတွေ့ရ၍ အများကြီး အားတက်မိပါကြောင်း၊ အစိုးရမှ တပ်မတော်သားများ ပို့ဆောင်ပြီး တရားဥပဒေ စိုးမိုးရေးအတွက် ထိန်းကျောင်းလုပ်ဆောင်ခြင်းအပေါ် အများကြီးကျေနပ်မိပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားချိန်တွင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်မှ ကိုယ်စားလှယ်များက ပြဿနာအားဖြေရှင်းရန် ကြိုးစားခဲ့သည်ကို တွေ့ရသဖြင့်ဝမ်းသာပါကြောင်း။

ဒုက္ခသည်စခန်းများတွင် အစားအစာ၊ ရေလုံလောက်စွာရ၍ မိမိအနေဖြင့် စိတ်သက်သာရာရမိပါကြောင်း၊ သို့သော် ဒုက္ခသည်များ၏ စိတ်ထဲတွင် အကြမ်းဖက်မှုဆက်ဖြစ်လာမလားဆိုသည်ကို ကြောက်ရွံ့နေကြသည်ဟု ထင်ပါကြောင်း၊ ယင်းအကြောက်တရားများပျောက်ပျက်ရန် သက်ဆိုင်ရာလူ့အဖွဲ့အစည်း ခေါင်းဆောင်များက ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

မြန်မာလူမျိုးများသည် သည်းခံစိတ်ထားသော လူမျိုးများဖြစ်သည်ဟူသော ကောင်းမွန်သည့် ပုံရိပ်ကို ဆက်ထိန်းထားရန်လိုကြောင်း၊ အဆိုပါပုံရိပ်ကို အစိုးရအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးမည်ဟု မျှော်လင့်ပါကြောင်း။

မကြာမီက ဤမြို့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် မြန်မာကိုသာမက ကမ္ဘာကိုပါ ရိုက်ခတ်ပါကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရန် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက ချက်ချင်းဆောင်ရွက်ပေးခဲ့ခြင်းသည် ကြိုးစားအားထုတ်မှုများကိုဖော်ပြနေကြောင်း၊ ယခုကဲ့သို့သော ပြဿနာများ ထပ်မံမဖြစ်ပွားရန် လူ့အဖွဲ့အစည်းအားလုံးတွင် တာဝန်ရှိကြောင်း၊ ကြိုးစားကြရန်လိုကြောင်း။

စိုးရိမ်ကြောင့်ကြဖြစ်နေကြမည့်အစား ထပ်မံမဖြစ်ပွားရန် သန္နိဋ္ဌာန်ချပြီး ကြိုးစားဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ 'Harmonicus Development' လိုက်ဖက်ညီသော ဖွံ့ဖြိုးတိုးတက်မှုရရန် ဦးတည်၍ ရှေ့ဆက်သွားလျှင် ပိုမိုကောင်းလာလိမ့်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကျင်းပရာ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကယ်ဆယ်ရေးစခန်းအလိုက် ဒုက္ခသည်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဘာသာဝင်များအချင်းချင်း အပြန်အလှန်သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး၊ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များ၏ နေ့စဉ်နေထိုင်စားသောက်မှုကိစ္စများ အဆင်ပြေရေးနှင့် ဒုက္ခသည်များဘဝပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အသီးသီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

...တွက် အရေးပေါ်ကာလသတ်မှတ်၍ ...က်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

...လ်မှူးကြီးအောင်ကျော်မိုးတို့က သက်ဆိုင်ရာကဏ္ဍ ...အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ...ှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံခြုံရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့် ...ပြန်လည်နေရာချထားရေးကော်မတီ၊ တရားဥပဒေ ...းမိုးရေးကော်မတီ၊ ပညာရေးကော်မတီ၊ ကျန်းမာရေး ...ကော်မတီ၊ သာသနာရေးဆိုင်ရာကော်မတီနှင့် ပြန်ကြား ...ရေးကော်မတီတို့မှ လုပ်ငန်းဆောင်ရွက်ချက်များကို ...ှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ...တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ...ပေးပြီး ဒေသ၏လုံခြုံရေးအခြေအနေများ ပုံမှန်အတိုင်း ...ပြန်လည်ရောက်ရှိနေပြီဖြစ်၍ ကယ်ဆယ်ရေးဝန်ထမ်း ...များအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရန် ...ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမီး၏

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဆူပူအကြမ်းဖက်မှုကြောင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ မတ် ၂၃ ရက် ည ၈ နာရီခွဲခန့်တွင် လူစုလူဝေးဖြင့် အကြမ်းဖက်မီးရှို့မှုကြောင့် ဘာသာရေးအဆောက်အအုံတစ်လုံးနှင့် လူနေအိမ် ၅၅ လုံးတို့ မီးလောင်ပျက်စီးခဲ့ကြောင်း၊ မီးလောင်မှုမှာ ည ၁၀ နာရီခန့်တွင် မီးညွန့်ကျိုးသွားပြီး လူစုလည်း ကွဲသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ ရမည်းသင်း မီးသတ်ဦးစီးဌာန၊ ပျော်ဘွယ်မီးသတ်ဦးစီးဌာနတို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ အခြေအနေများ တည်ငြိမ်အေးချမ်းမှုရှိလာ

လုံခြုံရေးတာဝန်ကျဝန်ထမ်းများနှင့် နယ်မြေခံတပ်မတော်သားများ အပျက်အစီးများရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် မတ် ၂၂ ရက် ညနေပိုင်းတွင် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တာဝန်ရှိသူများ၏ လုံခြုံရေး အပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် မိတ္ထီလာမြို့ပေါ်တွင် ယခုအခါ အခြေအနေများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်း အသွားအလာမပျက် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

ထို့ပြင် လုံခြုံရေးအခြေအနေများ တည်ငြိမ်မှုရှိလာသည့်အလျောက် လုံခြုံရေးတာဝန်ကျ ဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်း ၁၀ ရင်းမှ တပ်မတော်သားများသည် မီးလောင်ပျက်စီးခဲ့သည့် နေအိမ်များနှင့် လမ်းများရှိ အပျက်အစီးများအား ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများကို မိတ္ထီလာမြို့ စည်ပင်သာယာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ **(ဝဲပုံ)**

ယခုအခါ မိတ္ထီလာမြို့ပေါ်၌ ယာယီကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်၍ ဒုက္ခသည် စုစုပေါင်း ၉၆၄၄ ဦးတို့ကို လက်ခံထားရှိပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်စားသောက်မှုအဆင်ပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် ယမန်နေ့နှင့် ယနေ့တို့တွင် အောင်မြင်သူကုမ္ပဏီများအုပ်စု၊ ဧဒင်ကုမ္ပဏီ၊ မန္တလေးသံဃာများနှင့် (၈၈)အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ Sky Net ရုပ်မြင်သံကြား၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်နှင့် ဆေးဝါးပစ္စည်းများ၊ အလှူငွေများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၄

ရွှေတိဂုံစေတီတော်(၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် အဆိုပါ စေတီတော်အထက်ပစ္စယာ၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘုရားဖူးလာ ပြည်သူများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

အခမ်းအနားအပြီးတွင် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ အပါး ၁၈၀ နှင့် သာသနာ နွယ်ဝင် သီလရှင် ၂၇ ပါးတို့အား စေတီတော်ရင်ပြင်၌ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။**(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၃-၂၀၁၃ (တနင်္လာနေ့)

[၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)]

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား)
၆း၂၀	SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို "တိမ်ကိုခွင်းမည့် အားမာန်များ" (မြင့်မြတ်၊ နန်းခင်ဇေယျာ၊ ရဲမွန်၊ တင်ဇာဝင်းပြည့်) (ဒါရိုက်တာ - ဂျိုး)
၈း၀၀	ပြည်တွင်းသတင်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့် ဥပဒေရေးရာဆိုင်ရာကဏ္ဍဟောပြော

နေပြည်တော် မတ် ၂၄

မတ် ၂၂ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ အမျိုးသမီးများနှင့်ယဉ်ကျေးမှုဆိုင်ရာကဏ္ဍနှင့် ဥပဒေရေးရာဆိုင်ရာကဏ္ဍ ဟောပြောပွဲတစ်ရပ်ကို ကျင်းပရာ ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်မြသီဂီနှင့် ဒေါ်ဝေဝေသာ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စသည်တို့မှ အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက အဖွင့်အမှာစကားပြောကြားပြီး လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဆွေမြင့်က ယဉ်ကျေးမှုကဏ္ဍအတွက် မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာတို့နှင့် ပတ်သက်ပြီး အသိပညာပေး ဟောပြောသည်။ အခမ်းအနား ပထမပိုင်းကို ခေတ္တရပ်နားပြီး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အမျိုးသမီးများနှင့်သက်ဆိုင်သည့် ဥပဒေရေးရာဆိုင်ရာ အသိပညာပေးဟောပြောခြင်းတွင် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါ်ခင်မာမာက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားတို့၏ ပစ္စည်းခန်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်ဆွေက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ပေးထားသော ပြည်တွင်းဥပဒေများဖြင့် လည်းကောင်း၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ (CEDAW)နှင့် ပြည်တွင်းဥပဒေများခေါင်းစဉ်ဖြင့် လည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများက ပညာပေးဟောပြောကြသည့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထူးကုဆရာဝန်ကြီးများ ဆတ္တားကျေးရွာ၌ ကွင်းဆင်းဆေးကုသ

ဟားခါး မတ် ၂၄

ချင်းပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများသည် မတ် ၁၇ ရက်က ဟားခါးမြို့နယ် ဆတ္တားကျေးရွာတွင် နယ်လှည့်ကွင်းဆင်း၍ လူနာ ၂၃၆ ဦးကို စမ်းသပ်ကြည့်ရှု ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(ပြည်နယ် ပြန်/ဆက်)

သွေးသည် အသက်

ပိုင်ရှင်မဲ့ ရပ်တန့်ထားသောယာဉ်အား စစ်ဆေးရာ တရားမဝင် သယ်ဆောင်လာသည့် သစ်ခွဲသားများတွေ့

စစ်ကိုင်း မတ် ၂၄

မတ် ၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦး ခေါင်းဆောင်၍ တောအုပ်ဦးဇော်လွင်ဦး၊ တောခေါင်း ဦးညွန့်ဝင်းထွန်းဦး၊ ဦးကျော်မင်းနိုင်တို့ ပါဝင်သော သစ်တောဝန်ထမ်းများအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယစုံစမ်းရေးမှူး ဦးအေးမင်းဦးတို့သည် စစ်ကိုင်း-မုံရွာ ကားလမ်းမကြီးပေါ်တွင် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်း ရှာဖွေဖမ်းဆီးခြင်းအား စစ်ကြောင်းအသွင်ဖြင့် ဆောင်ရွက်စဉ် နံနက် ၈ နာရီတွင် စစ်ကိုင်း-မုံရွာ ကားလမ်းမကြီးဆင်များရှင်ဘုရားအနီး၌ ပိုင်ရှင်မရှိဘဲ ရပ်တန့်ထားသော ယာဉ်အမှတ် ၈၂/---(ဟီးနိုး) အစိမ်းရောင်ယာဉ်အား ရှာဖွေစစ်ဆေးရာ တရားမဝင် ကျွန်းခွဲသား၊ ပိတောက်ခွဲသားများ တင်ဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိ ရသည်။

အဆိုပါ ပစ္စည်းများအား တိုင်းတာစစ်ဆေးနိုင်ရန် ပိုးတန်းသစ်တောဝင်းအတွင်းသို့ မိမိအစီအစဉ်ဖြင့် မောင်းနှင်လာပြီး ယာဉ်ပေါ်ပါပစ္စည်းများအား ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းတံခါးချပ် ၁၀၂ ချပ် (၅ ဒသမ ၀၈၁၆ တန်)၊ ကျွန်းခွဲသား ၁၇ ချောင်း (၁ ဒသမ ၂၁၆၂ တန်)နှင့် ပိတောက်ခွဲသား ၁၂ ချောင်း(၁ ဒသမ ၁၇၂၄ တန်) စုစုပေါင်း ၇ ဒသမ ၄၇၀၂ တန်ဖြစ်ပြီး ပစ္စည်းပိုင်ရှင်အား ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် အမှတ်(၁) ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိ ပစ္စည်းများနှင့်ယာဉ်အား စစ်ကိုင်းမြို့ ပိုးတန်းသစ်တောရုံးဝင်းအတွင်း၌ ထိန်းသိမ်းထားကြောင်း သိရသည်။

(ဓါတ်ပုံ) **(မျိုးဝင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၃-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	"အိပ်မက်ပမာဝိညာဏခန္ဓာ အကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်"တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၈း၄၅	နေဝင်ဆည်းဆာကိုအလှပန်းဆင်ကြသူများ . . .
၁၁း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၁၀	Minute to Win It
၆း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၁၅)
၇း၀၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love" (အချစ်သင်္ကေတ) (Season-3) (အပိုင်း-၆)
၈း၃၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၅၉)
၉း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နယူးလိုက်အော့ဖ်မြန်မာသတင်းစာထုတ်ဝေခြင်းလုပ်ငန်းအား အကျိုးတူပူးတွဲ ဖက်စပ်ဆောင်ရွက်ရန်အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေလျက်ရှိသော The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာအား အဆင့်အတန်းပိုမိုကောင်းမွန်သော သတင်းစာအသွင်ပြောင်းလဲထုတ်ဝေနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာ ခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-

(က) ပြည်တွင်းလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊
- (၄) အနီးကပ်ဆုံးလက်မှတ်ရပြည်သူ့စာရင်းကိုင်မှ အတည်ပြုထားသည့်ဘဏ္ဍာရေးရှင်းတမ်း(၂)နှစ်စာ၊
- (၅) လက်ရှိဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့်အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်၊ပတ်စ်ပို့အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) နိုင်ငံခြားကုမ္ပဏီဆိုင်ရာ အထောက်အထားများ၊
- (၄) ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊
- (၅) လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ၊

၃။ အဆိုပြုလွှာတင်သွင်းမည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာအား ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇) နေပြည်တော်သို့ (၂၅-၄-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ရန်ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၆၇-၄၁၂၁၂၃နှင့် ၀၆၇-၄၁၂၁၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၂၀၁၃ ခုနှစ် နေပြည်တော် ဖိတ်ခေါ် လက်သိုင်းပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၃ ခုနှစ် နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် လေ့ကျင့်ရေးစခန်း (၁) နေပြည်တော်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်နိုင်ငံများမှ ကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများ နေရာယူပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီးပြိုင်ပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ပြိုင်ပွဲအစဉ်အလာအရ ပြိုင်ပွဲအား အပ်နှံပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က သရုပ်ပြဖျော်ဖြေကြသည်။

ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ(က)၊ (ခ)၊ မလေးရှား၊ ထိုင်းနှင့်အင်ဒိုနီးရှားတို့မှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို မတ် ၂၄ ရက်မှ ၂၆ အထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကိုကိုစိုးညွန့်)

ကတ္တရာ/ကွန်ကရစ်လမ်းပေါ် လှည်းမမောင်းရ

ဒိုက်ဦး မတ် ၂၄

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၉ ခုနှစ် မတ်လက ဖွင့်လှစ်ခဲ့သည်။

ယင်းအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၇၂ မိုင် ၂ ဖာလုံ)တံတားမှ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ဒရယ်မီးတာဆုံအထိ (၁၅ မိုင် ၁ ဖာလုံ) အရှည်ရှိသော ကတ္တရာ/ကွန်ကရစ်နှစ်မျိုးခင်း ဥသျှစ်ကုန်းလမ်း ဖောက်လုပ်ထားပြီး ၂၀၁၂ ခုနှစ်က စတင်အသုံးပြုလျက်ရှိသည်။

ထိုဥသျှစ်ကုန်းလမ်းဘေး ဝဲ၊ ယာရှိ ဥသျှစ်ကုန်းရွာ၊ တာဝွရှမ်းရွာ၊ ချင်းကန့်လန့်ရွာ၊ ပြောင်သေကုန်းရွာ၊ ဘုရားကြီးကုန်းရွာ၊ ဖျက်ကြီးရွာ၊ စမ်းမြောင်ရွာ၊ ဒိုးတန်းရွာ၊ တောင်ပို့ကိုးလုံးရွာ၊ ဦးမျောက်ကြီးကုန်း၊ လက်ပံသုံးခွရွာ၊ ရွှေအင်ဒုံရွာ၊ လေးအိမ်စုရွာ၊ အညာစုရွာနှင့် ဒရယ်မီးရပ်ကွက် ၈ ရှိ ဒေသခံပြည်သူများမှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနေကြသည်။

လမ်းအချို့နေရာများ၌ "နွားလှည်း" များ မောင်းနေကြောင်း **(ဓါတ်ပုံ)** တွေ့ရသည့်အတွက် အကျည်းတန်လမ်းမဖြစ်စေရန် ဒေသခံများက ဆန္ဒရှိနေကြောင်း သိရသည်။

ဆရာခ(ဒိုက်ဦး)

မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်များချိတ်ဆွဲ

ရန်ကုန် မတ် ၂၄

ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး ရပ်ကွက် ၁၉ ရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မတ် ၁၉ ရက်က (၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတိုးကြွယ်၊ ရပ်မိရပ်ဖ ဦးအုန်းမြင့်နှင့် ရပ်ကွက်အရန် မီးသတ်တပ်ခွဲ(၆)မှ တပ်ခွဲမှူး ဦးသန်းဌေးနှင့် ဒုတိယတပ်ခွဲမှူး ဦးစိန်မြင့်တို့ ဦးဆောင်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးဆိုင်းဘုတ်အား သဇင်လမ်းမနှင့် ခေမာ(၁)လမ်း လမ်းဆုံတွင် ချိတ်ဆွဲကြသည်ကို တွေ့ရသည်။ **(ယာပုံ)** **(ထွန်းဝင်း)**

လျှပ်စစ်ဓာတ်အားသုံးလျှင် သတိယှဉ်

မိမိအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို မပိတ်မိသည့်အတွက် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက်ရှိနေပါသည်။ လျှပ်စစ်ပစ္စည်းများအား အသုံးပြုပြီးပါက သေချာစွာပိတ်ထားကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

မီးသတ်ဦးစီးဌာန

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသော ယာဉ်များသတိပြုရန်

၁။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ရန်ကုန်မြို့မှ မန္တလေးမြို့ထိ မိုင် (၃၆၆/၃)မိုင်ရှည်လျားသည်။ ၂၀၁၂ ခုနှစ် မေလ ၂၀ ရက်နေ့တွင် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အား စတင်ဖွင့်လှစ်၍ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ အမြန်လမ်းမကြီး၏ လုံခြုံရေးဆိုင်ရာများအတွက် အမြန်လမ်းကွပ်ကဲရေးရုံးတစ်ရုံး၊ အမြန်လမ်းရဲစခန်း ၁၄ ခုဖြင့် နေ့/ည လုံခြုံရေးတာဝန်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

၂။ အမြန်လမ်းရဲတပ်ဖွဲ့စတင်ဖွင့်လှစ်ခဲ့သည့် ၂၀-၅-၂၀၁၂ ရက်နေ့မှ ၁၁-၃-၂၀၁၃ ရက်နေ့အထိ ယာဉ်တိမ်းမှောက်မှု ၁၄၁ ကြိမ်၊ သေဆုံးသူကျား ၆၉ ဦး၊ မ ၂၁ ဦး စုစုပေါင်း ၉၀ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူကျား ၁၈၆ ဦး၊ မ ၁၁၈ ဦး စုစုပေါင်း ၃၀၄ ဦး၊ ယာဉ်တိမ်းမှောက်မှု ၁၄၁ မှုအား အရေးယူဆောင်ရွက်ခဲ့ပါသည်။

၃။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များဖြစ်ပွားရာတွင် ယာဉ်မောင်းများ အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့်လည်းကောင်း၊ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် လည်းကောင်း၊ မူးယစ်သောက်စားမောင်းနှင်မှုကြောင့်လည်းကောင်း၊ ယာဉ်ချွတ်ယွင်းမှုများကြောင့် လည်းကောင်း ဖြစ်ပွားခဲ့ရသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ ယခုအခါတွင် အမြန်လမ်းမကြီးပေါ်တွင် သွားလာနေကြသည့် ယာဉ်များအန္တရာယ်မရှိစေရေးအတွက် အမြန်လမ်းမကြီးဥပဒေတွင် သတ်မှတ်ထားသည့် အနှေးယာဉ်များ၊ ကျွဲ၊ နွားများ သွားလာခြင်းများအား ဖမ်းဆီးအရေးယူလျက်ရှိသည့်အပြင် အမြန်လမ်းမကြီးဥပဒေအရ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ၁-၁-၂၀၁၃ ရက်နေ့မှ ၁၁-၃-၂၀၁၃ ရက်နေ့အထိ ဖမ်းဆီးအရေးယူမှုမှာ ၁၂၈၂ စီးရှိပြီး သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ပို့အပြစ်ပေးလျက်ရှိပါသည်။

၅။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဘေးဝဲ/ယာတစ်လျှောက်၌ သတိပေးဆိုင်းဘုတ်များ၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ကလည်း လက်ကမ်းပညာပေးစာစောင်များဖြန့်ဝေပေး၍ ယာဉ်မောင်းများအား သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာစေပြီး ယာဉ်တိမ်းမှောက်မှုများ နည်းပါးရေးနှင့် ထိခိုက်သေဆုံးမှုလျော့နည်းစေရေးအတွက် ပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်နေသော ယာဉ်များကြောင့် ယာဉ်များတိမ်းမှောက်၍ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ဖြစ်၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်း (သို့) မိုင် ၆၀ နှုန်းထက် ပိုမိုမောင်းနှင်သွားလာခြင်းမပြုကြရန်နှင့် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သွားနေသည့် ယာဉ်များအား အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic System (Myanmar Mobile Traffic Rader System) စက်များအသုံးပြုကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့



ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်) အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်မိုးသက်ခိုင်+၁	[၁၄/ဟသတ(နိုင်) ၀၄၆၉၄၉]	အမှတ်-(၁၃၈) သီရိ(၂)လမ်း	လှိုင်	၁၂.A	၃၃၀	ဒေါ်စိန်လှ+၄	ဂရန်သက်တမ်းတိုး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) အင်ဂျင်နီယာ(မြို့ပြ) ကျား/မ(၃)ဦး
-BE/B.Tech/A.G.T.I(Civil) (လုပ်သက်-၅)နှစ်

(၂) စာရင်းစစ် ကျား/မ(၄)ဦး
LCCI Level (III)နှင့် MYOB (3)အောင်မြင်ပြီးသူ ဘွဲ့ရဖြစ်ရမည်။
Microsoft Excel/Word နှင့် Page Maker ကျွမ်းကျင်ရမည်။
Final Balance များရေးဆွဲနိုင်ရမည်။ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၃)နှစ် ရှိရမည်။

(၃) စာရင်းကိုင် ကျား/မ(၄)ဦး
LCCI Level(III) နှင့် MYOB (3)အောင်မြင်ပြီးသူ ဘွဲ့ရဖြစ်ရမည်။
သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

(၄) Cashier ကျား/မ(၄)ဦး
LCCI Level(II) အောင်မြင်ပြီးသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။

(၅) ယာဉ်မောင်း ကျား/မ(၄)ဦး
အသက်(၃၅)နှစ်အထက် မရမ်းကုန်း၊ အင်းစိန်၊ လှိုင်၊ ဗဟန်းနှင့်နီးသူ ဦးစားပေးမည်။ ယာဉ်မောင်းသက်တမ်းအနည်းဆုံး (၅)နှစ်ရှိရမည်။

အထက်ပါ ရာထူးစိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်(၆)လအတွင်း ဓာတ်ပုံ(၃)ပုံ၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ ၃၁-၃-၂၀၁၃ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

VIKING MYANMAR CONSTRUCTION CO.,LTD
No.35, Tharthana Yeik Thar Lane, Bahan Township,Yangon, Myanmar.
Tel.01-8603152, 01-8603154, Fax:01-554993

Tara အဖွဲ့၏ ဆဋ္ဌမမြောက်အယ်လ်ဘမ် ဂျပန်နိုင်ငံတွင် ရောင်းအားကောင်း

Tara ကိုရီးယားပေါ့ပ်ဂီတအဖွဲ့သည် ၎င်းတို့၏ ဆဋ္ဌမမြောက် အယ်လ်ဘမ် Banistar ကို ဂျပန်တေးသီချင်းပုံစံများဖြင့် ဖန်တီးထားပြီး မတ် ၂၀ ရက်က စတင်ဖြန့်ချိခဲ့ကာ ယခုအခါ ယင်းအခွေသည် ဂျပန်နိုင်ငံ၏ Oricon နေ့စဉ် အယ်လ်ဘမ် ရောင်းအားစာရင်းတွင် ဒုတိယနေရာ၌ ရပ်တည်နေကြောင်း သိရသည်။

Tara အဖွဲ့၏ Banistar အမည်ရှိ ဂျပန်စတိုင်လ်တေးသီချင်းများ စုစည်းထားသော အဆိုပါအယ်လ်ဘမ်သည် ဂျပန်နိုင်ငံတွင် အယ်လ်ဘမ်အချပ်ပေါင်း လေးသောင်းကျော် ရောင်းချခဲ့ရပြီး ၎င်းအယ်လ်ဘမ်နှင့်အတူ Tara အဖွဲ့၏အလှဓာတ်ပုံများပါဝင်သော ဓာတ်ပုံစာအုပ်ကိုလည်း ကြာသပတေးနေ့က စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည့် Tara အဖွဲ့၏ အဆိုပါ အယ်လ်ဘမ်တွင် အဖွဲ့ဝင် တစ်ဦးချင်းစီ၏ တစ်ကိုယ်တော်ဖျော်ဖြေမှုများ ပါဝင်သလို Tara အဖွဲ့ အတွင်းတွင် အဖွဲ့ငယ် သုံးဖွဲ့ ဖွဲ့စည်းကာ မတူညီသော သီချင်းပုံစံသစ်များဖြင့် ထူးခြားစွာ စီစဉ်တင်ဆက်ထားသည့် အယ်လ်ဘမ်တစ်ခုဖြစ်သည်။

ထို့ပြင် Tara အဖွဲ့သည် ဗုဒ္ဓဟူးနေ့က စင်ကာပူနိုင်ငံတွင် ဂီတဖျော်ဖြေပွဲပြုလုပ်ခဲ့ပြီး ဂျပန်နိုင်ငံတစ်ဝန်းတွင်လည်း ဂီတဖျော်ဖြေပွဲများပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ Oricon နေ့စဉ် အယ်လ်ဘမ်ရောင်းအားစာရင်းတွင် Girls Generation အဖွဲ့က စတုတ္ထနေရာတွင် လည်းကောင်း၊ IU က နဝမနေရာတွင်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

Undercover ဒရာမာဇာတ်ကားသစ်ဖြင့် ကိုရီးယားဒရာမာလောကသို့ ပြန်လည်ဝင်ရောက်လာတဲ့ ကင်မ်ယိုးမိ

ကိုရီးယားသရုပ်ဆောင် ကင်မ်ယိုးမိတစ်ယောက် ကိုရီးယားဒရာမာလောကနှင့် တစ်နှစ်ခန့်အကြာ အဆက်အသွယ်ပြတ်ခဲ့ရပြီးနောက် ယခုအခါ Undercover အမည်ရှိ ကိုရီးယားဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကာ ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သူမ၏အေဂျင်စီက အတည်ပြုပြောကြားခဲ့သည်။

ပြုံးဝင်းဖြင့် ဝုဝည်းရေးသားသည်

အဆိုပါ Undercover ဒရာမာဇာတ်ကားကို ဒါရိုက်တာ ဂျန်ယောင်ဝူးနှင့် လီဂျောင်ဟိုတို့နှစ်ဦးက ပုံဖော်ရိုက်ကူးထားပြီး မူးယစ်ဆေးဝါးဆိုင်ရာ မှုခင်းတစ်ခုအတွက် ရဲတပ်ဖွဲ့က လူဆိုးဂိုဏ်းတစ်ဂိုဏ်းအတွင်း စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ယင်းအမှုကို ဖော်ထုတ်ခဲ့ပုံကို ပုံဖော်ထားသည့် မှုခင်းဒရာမာဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။ ယင်းဇာတ်ကားကိုမေ ၂၅ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားရန် စီစဉ်ထားကြောင်းသိရသည်။

ထို့ပြင် ကင်မ်ယိုးမိက ပရိသတ်များကို ရသအသစ်များ ပေးစွမ်းနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်းနှင့် ထိုသို့ ပြောင်းလဲမှုအတွင်း ပိုမိုရင့်ကျက်လာကြောင်းလည်း ပြောကြားခဲ့သည်။

ရုရှားဝက်ဘ်ဆိုက်တွင် ပထမဆုံးဖော်ပြခံရသည့် ဟောလိဝုဒ်အနုပညာရှင် တွမ်ခရုဇ်

Mission Impossible ဇာတ်ကားမှ သရုပ်ဆောင် တွမ်ခရုဇ်အား ရုရှားနိုင်ငံ၏ Vkontakte လူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင်ဖော်ပြခံရသည့် ပထမဆုံးသော ဟောလိဝုဒ်အနုပညာရှင်အဖြစ် သောကြာနေ့က ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

မကြာမီထွက်ရှိလာမည့် တွမ်ခရုဇ်၏ Oblivion အမည်ရှိ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသည် အမေရိကန်နိုင်ငံ၌ မပြသမီ နှစ်ပတ်အလိုတွင် ရုရှားနိုင်ငံ၌ ဧပြီ ၁၁ ရက်တွင် ရုရှားနိုင်ငံ၌ ပြသရန်စီစဉ်ထားကြောင်းသိရသည်။

တွမ်ခရုဇ်၏ အဆိုပါအင်တာနက်စာမျက်နှာကြောင့် ရုရှားရုပ်ရှင်လောက၏ ဝင်ငွေများ တိုးလာနိုင်ဖွယ်ရှိကြောင်း၊ ရုရှားရုပ်ရှင်လုပ်ငန်းသည် ယမန်နှစ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိပြီး ကမ္ဘာ့ရုပ်ရှင်လောက၏ အဆင့်ကိုးနေရာတွင် ရပ်တည်နေကြောင်းနှင့် ယခုနှစ်တွင် ဝင်ငွေမှာ ကိုးရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ Vkontakte အမည်ရှိ လူမှုကွန်ရက်ဝက်ဘ်ဆိုက်သည် အသုံးပြုသူ သန်း ၄၀ ကျော်ရှိသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်ကာ တွမ်ခရုဇ်သည် အဆိုပါဝက်ဘ်ဆိုက်တွင် ၁၀ ကြိမ်ခန့် ဖော်ပြခြင်းခံခဲ့ရကြောင်း သိရသည်။

Super Junior အဖွဲ့၏ ယခုနှစ်အတွက် Super Show 5 ခရီးစဉ်သစ် စတင်

ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သော Super Junior အဖွဲ့၏ Super Show 5 အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်ကို မတ် ၂၄ ရက်က ဆိုးလ်မြို့ရှိ ကျွမ်းဘားအားကစားရုံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

Super Junior အဖွဲ့၏ အဆိုပါ Super Show 5 ခရီးစဉ်သည် မတ် ၂၃ ရက်နှင့် ၂၄ ရက်များတွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဂီတဖျော်ဖြေပွဲများ ကျင်းပပြီးနောက် တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ တောင်အမေရိကနှင့် ဥရောပနိုင်ငံများသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ ဘရာဇီး၊ အာဂျင်တီးနား၊ စန်တီယာဂို၊ ချီလီ စသည့်နိုင်ငံများသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

Super Junior အဖွဲ့၏ အဆိုပါခရီးစဉ်ကို ၂၀၀၈ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သော်လည်း ယခုနှစ်အတွက် ခရီးစဉ်သည် ယခင်နှစ်များနှင့်မတူဘဲ ပိုမိုခမ်းနားကြီးကျယ်သော ဂီတဖျော်ဖြေပွဲဖြစ်ကြောင်း သိရသည်။

"ဒီပွဲဖြစ်မြောက်ဖို့အတွက် ဂီတပရိသတ်တွေကလည်း အများကြီးထောက်ပံ့ပေးပါတယ်။ ဒီဖျော်ဖြေပွဲခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဖျော်ဖြေပွဲပေါင်း ၁၀၀ ကျော် ကျင်းပသွားပါတယ်။ အဲဒီမှာ ကြည့်ရှုသူပရိသတ်ပေါင်း တစ်သန်းကျော် ရရှိလိုခြင်းပဲဖြစ်ပါတယ်"ဟု Super Junior အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှင်ဒေါင်းက ပြောကြားခဲ့သည်။

"ဒီ Super Show 5 ဖျော်ဖြေပွဲဟာ Super Show 1 နဲ့ အတော်များများ ဆင်တူနေတာတွေကို တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ အများကြီးကြိုးစားထားပါတယ်။ ကျေးဇူးပြုပြီး စောင့်မျှော်ကြည့်ရှုပေးကြပါဦး"ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ Eunhyuk က ပြောကြားခဲ့ကြောင်း သိရသည်။

ခြံရောင်းမည်
ပြင်ဦးလွင်၊ ရေချမ်းအိုးရွာ
မြို့သစ်နှင့်ကပ်လျက်-မန္တလေး-
လားရှိုး လမ်းမကြီးမှ တကွက်ငုတ်ခြံ
ပေ(၄၀×၁၀၀) သိန်း(၄၀၀)
Ph:09-5111522

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

RUBY
519100
09-51-77212, 535100

အများသိစေရန်
SUN FAR Travels & Tours Co., Ltd. လိုင်စာကတ်တွင် ၅၅၅ ၂၂၆ကို မှားယွင်းရိုက်နှိပ်မိပါသဖြင့် ကာယကံရှင်အား အနူးအညွတ် တောင်းပန်အပ်ပါသည်။ အမှန်မှာ-၅၅၄ ၂၂၆ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နန်းထိုက်တော်ဝင် စားသောက်ဆိုင် နည်းပညာ သင်တန်း
အရင်း နည်းနည်း အမြတ်များများ ရောင်းချနိုင် လုပ်ငန်း
ချေးငွေ နှင့်သက်သာ (ဝန်ကျဉ်း) ရောင်းသည်။

Good Health ဂျာနယ်က တာဝန်ယူပါတယ်။

ဘယ်ဂျာနယ်မှာမှ မဖော်ပြရသေးသော...
ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ကြော်ငြာများ
တစ်စောင်တည်းနှင့်အစုံဝင်ဆုံးဂျာနယ်
ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊ Air Con ပြင်၊
စက်ချုပ်၊ ယာဉ်မောင်းသင် စသောသင်တန်းများကို
တစ်ဦးလျှင် ကျပ် ငါးသောင်းနှုန်းဖြင့် (၂၀)ဦးအား
အခမဲ့ တက်ရောက်ခွင့်ပေးမည့် အထူးအခွင့်အရေးများဖြင့်...
အင်္ဂါနေ့တိုင်းထွက်ပြီ
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၅၇၄၂၊ ၀၉-၇၃၂၀၁၂၀၈၊ ၀၁-၂၄၅၇၅၄။
Opportunity Journal

အသိပေးကြေညာခြင်း
J-SAT General Services Co.,Ltd.၏ ဝန်ထမ်း မဟုတ်သော အခြားသူတစ်ဦးမှ J-SATအမည်ကို အသုံးပြု၍ အလွဲသုံးစားပြုလုပ်မှုများရှိနေပါသည်။ သို့ဖြစ်ပါ၍ J-SATဝန်ထမ်းများဖြစ်ကြသော မမီမီကျော် (09-8641219)နှင့် မောင်ကောင်းဆက်ဟိန်း (09 421140290)တို့မှလွဲ၍ အခြားသူတစ်ဦးဦးထံမှ အကြောင်းကြားခြင်းများသည် J-SAT နှင့် မသက်ဆိုင်ကြောင်းနှင့် အထက်ပါ တာဝန်ခံနှစ်ဦးနှင့်သာ ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဆက်သွယ်ရန်
မမီမီကျော်
Ph:09-8641219
မောင်ကောင်းဆက်ဟိန်း
Ph:09-421140290
J-SAT General Services Co.,Ltd.
အခန်း-၅၀၁၊ ၅ လွှာ၊ ဆာကူရာတာဝါ၊
အမှတ်-၃၉၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

SHWE LWIN LWIN TRADING CO.,LTD.
သင် JAPAN နိုင်ငံမှာအလုပ်လုပ်လိုလျှင်
ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAGI KEN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၏ ပထမအကြိမ်အဖြစ် အမျိုးသား (၂၀)ဦး အမျိုးသမီး(၃၀)ဦး အသက်(၂၀)နှစ်မှ (၃၀)နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။
* ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
* အလုပ်ချိန် ॥ ॥ တစ်နေ့ ၈ နာရီ
* လစာ ॥ ॥ တစ်နာရီ ယန်း(၇၀၀)+အချိန်ပို
၁-၄-၂၀၁၃ ရက်မှ ၇-၄-၂၀၁၃ ရက်အတွင်း ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်ကိုယ်တိုင် လာရောက်လူတွေ့စစ်ဆေးပါမည်။
(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရွှေလွင်လွင်ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်။)
ဆက်သွယ်ရန်။ ॥ No.C/101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon.
Tel:01-557570, 09-8303939,
Email: shwelwinlwin.co@gmail.com

ဖယ်ကာအိုနှင့် ချယ်လ်ဆီးသဘောတူညီမှုရရှိခဲ့ပါက တောရက်ကိုပြန်ခေါ်ရန် အက်သလက်တီကိုမက်ဒရစ်အသင်း စဉ်းစားနေ

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်ကို အသင်းသို့ပြန်လည်ခေါ်ယူရန် ဆန္ဒဖြစ်ပေါ်နေပြီး ချယ်လ်ဆီးအသင်းအနေဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူးဖယ်ကာအိုအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် စတမ်းဖို့ဒ်ဘရစ်ချ်သို့ ခေါ်ယူခဲ့ပါက တိုက်စစ်မှူးတောရက်ကို စပိန်မြေသို့ ပြန်လည်ခေါ်ယူရန် စဉ်းစားနေကြောင်း သိရသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းမန်နေဂျာ ဒီယေဂိုဆင်မီဝမ်သည် ချယ်လ်ဆီးတိုက်စစ်မှူး တောရက်နှင့်အတူ အက်သလက်တီကိုမက်ဒရစ်အသင်းတွင် အတူကစားခဲ့ပြီး လက်ရှိတွင်လည်း တောရက်ကို စပိန်မြေသို့ ပြန်လာရန် တောင်းဆိုထားကြောင်း သိရသည်။ ထို့အပြင် တောရက်၏ အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ ယခုနှစ်ဘောလုံးရာသီကုန်တိုင်အောင် စောင့်ကြည့်မည်ဟုလည်း ဆိုသည်။

အက်သလက်တီကိုမက်ဒရစ်အသင်းမန်နေဂျာ ဆင်မီဝမ်သည် ယခုနှစ်ရာသီတွင် အသင်းအတွက် ၂၈ ပွဲတွင် ၂၅ ဂိုးသွင်းယူပေးခဲ့သည့် ကိုလံဘီယာ

တိုက်စစ်မှူး ဖယ်ကာအို၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ဖြစ်နိုင်သည့်အခြေအနေများကို ပြောကြားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကလည်း ၎င်းအားစာချုပ်ခေါ်ယူရန် အသင့်ရှိနေကြောင်း စကားဆိုလာခဲ့သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် တိုက်စစ်မှူး ဖယ်ကာအိုကို ရောင်းထုတ်ကာ တိုက်စစ်မှူးတောရက်ကို ခေါ်ယူမည်ဟုဆိုခဲ့ပြီး တောရက်သည် ချယ်လ်ဆီးအသင်းသို့ရောက်ရှိသွားချိန်မှစ၍ ချယ်လ်ဆီးအတွက် ၅၁ ပွဲအထိ ကစားပေးခဲ့ပြီးဖြစ်သည်။

တိုက်ရိုက်အနီကတ်အတွက် အသင်းမန်နေဂျာကို တောင်းပန်လိုက်ရသည့် ရမ်ဆေး

ဝေလအသင်းကွင်းလယ်ကစားသမား ရမ်ဆေးသည် ဝေလအသင်းက စကော့တလန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ပြီးခါနီးတွင် တိုက်ရိုက်အနီကတ်ပြခံရကာ ထုတ်ပယ်ခံရပြီးနောက် ဝေလအသင်းမန်နေဂျာ ခရစ်ကိုးလ်မန်ကို တောင်းပန်လိုက်ရကြောင်း သိရသည်။

ဝေလအသင်းသည်လက်ရှိတွင် ငါးပွဲကစားပြီးနောက် နှစ်ပွဲအနိုင်ရကာ ရမှတ် ခြောက်မှတ်ဖြင့် ခရိုအေးရှားအသင်း၏ အောက်အုပ်စု (A)၏ တတိယနေရာတွင် ရပ်တည်နေခဲ့သော်လည်း အုပ်စုဒုတိယနေရာမှ ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် မတ် ၂၆ ရက် ကမ္ဘာ့ဖလားခြေစစ်ပွဲပွဲစဉ်တွင်မူ ကွင်းလယ်ကစားသမား ရမ်ဆေးမှာ စကော့တလန်အသင်းနှင့် ပွဲစဉ်မှ ရရှိခဲ့သည့် တိုက်ရိုက်အနီကတ်ကြောင့် အသင်းမန်နေဂျာကို တောင်းပန်ခဲ့ရသည့်အပြင် ခရိုအေးရှားနှင့် ပွဲတွင်လည်း လွဲချော်ရတော့မည်ဖြစ်သည်။

နိုင်လင်းကြည်

မွန်တီနီဂရိုးကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဂျာရတ်ဖွင့်ဟ

အင်္ဂလန်အသင်းသည် ဆန်မာရီနိုအသင်းကို ရှစ်ဂိုးပြတ်ဖြင့် စံချိန်တင်ဂိုးများသွင်းကာ အနိုင်ရရှိခဲ့ပြီးနောက်လာမည့် မတ် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် အုပ်စု(H)၏ ပထမနေရာမှ မွန်တီနီဂရိုးအသင်းကို အကောင်းဆုံး ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်က ယုံကြည်ထားသည်ဟု ဆိုသည်။

မွန်တီနီဂရိုးအသင်းသည် ငါးပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်ဖြင့် အုပ်စု ပထမ၊ အင်္ဂလန်အသင်းသည်လည်း ငါးပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်ဖြင့် အုပ်စုဒုတိယနေရာတို့တွင် အသီးသီးရပ်တည်နေကြပြီး အင်္ဂလန်အသင်းမှာမူ ဥရောပဘောလုံးလောကရှိ ကလပ်အသင်းများတွင် ကစားလျက်ရှိသော ဝါရင့်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်၍ မွန်တီနီဂရိုး၏ အိမ်ကွင်းတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ကာ အုပ်စုပထမနေရာဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တက်ရောက်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

ထို့ကြောင့် အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်သည် ရွန်းနီ၊ ချန်ဘာလိန်၊ ဒီဖိုး၊ စမောလင်း၊ လက်စ်ကော့၊ အက်ရှ်လေကိုးလ် စသည့် ကစားသမားများနှင့်အတူ မွန်တီနီဂရိုးအသင်းကို အနိုင်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းပွဲအပြင် စက်တင်ဘာ ၆ ရက်တွင် ကစားမည့်မော်ဒိုဗာ၊ စက်တင်ဘာ ၁၀ ရက်တွင်ကစားမည့် ယူကရိန်း၊ အောက်တိုဘာ ၁၁ ရက်တွင် ကစားမည့် မွန်တီနီဂရိုး၊ အောက်တိုဘာ ၁၅ ရက်တွင်ကစားမည့် ပိုလန်အသင်းတို့နှင့် ကစားရမည့်ပွဲစဉ်များတွင်လည်း အင်္ဂလန်အသင်းရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်သွားမည်ဟုလည်း ဆိုသည်။

နွေရာသီအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည့် မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန်

ဘရာဇီးနှင့် မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန်သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်ကို စွန့်ခွာရန်ရှိနေပြီး ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရန်လည်း မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပေါ်တိုအသင်းသည် မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန်ကို အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် မျှော်လင့်နေသည့်အပြင် တောင်အမေရိကကလပ်အသင်းအတော်များများကလည်း အသက် (၂၄)နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်လူ အန်ဒါဆန်အား စိတ်ဝင်စားလျက်ရှိနေသည်ဟု ဆိုသည်။

ကွင်းလယ်ကစားသမား အန်ဒါဆန်သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်း၌ ပါဝင်ကစားရန် စိတ်ဆန္ဒပြင်းပြနေခြင်းကြောင့် ယင်းမတိုင်ခင် ပုံမှန်ပွဲထွက်ခွင့်ရရှိနိုင်မည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ရာသီကုန်တွင် မန်ယူအသင်းမှ ထွက်ခွာရန် စဉ်းစားနေခြင်းလည်း ဖြစ်သည်ဟုဆိုသည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ကွင်းလယ်ကစားသမား အန်ဒါဆန်အား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနှင့် သန်း ၂၀ အကြား သတ်မှတ်ထားပြီး အပြီးသတ်ရောင်းချသွားရန်လည်း ပြင်ဆင်လျက်ရှိနေကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် အသင်းနှင့် အန်ဒါဆန်အကြား ဆက်ဆံရေးမှာ ကောင်းမွန်နေဆဲဖြစ်၍ ပေါ်တိုအသင်းသို့ အငှားချထားရန်လည်း စီစဉ်လျက်ရှိနေသည်ဟု သိရသည်။



ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Myanmar Golden Rock Int'l Co.Ltd၏ရုံးခန်းကို အောက်ဖော်ပြပါလိပ်စာသို့ ၁-၄-၂၀၁၃ရက်မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

 # 06-01, Block 8, Myanmar Info -Tech,
Universities' Hlaing Campus,
Hlaing Township, Yangon, Myanmar.
Contact Ph-01-654810 to 01-654817

အင်းတော်မြို့နယ် မဲဇာစံပြကျေးရွာ၌ မီးလောင်

အင်းတော် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာစံပြကျေးရွာ အမှတ်(၆)ရပ်ကွက်၌ မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာမှာ ကိုးခန်း နှစ်ခန်း သွပ်မိုး၊ နံကပ်နှစ်ထပ်ကျောင်းဆောင်တစ်ခု ဖြစ်သည်။ မီးလောင်မှုဖြစ်စဉ်မှာ ဝါယာကြိုးအပူလွန်ကဲကာ စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုအား အင်းတော်မြို့နှင့် ဗန်းမောက်မြို့တို့မှ မီးသတ်ကားနှစ်စီး၊ မဲဇာအရန်မီးသတ်တပ်ဖွဲ့မှ ရေစုပ်စက် နှစ်လုံး၊ ပြည်သူများမှ ရေစုပ်စက် လေးလုံး၊ FCGC (IGE) Co.,Ltd. မှ ရေသယ်ယာဉ်တစ်စီး၊ မြန်မာအဓိပတိ ဆောက်လုပ်ရေးကုမ္ပဏီမှ ကားတစ်စီး၊ မြို့နယ်စည်ပင်သာယာမှ ရေသယ်ယာဉ်တစ်စီး စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ညနေ ၃ နာရီခွဲတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကျော်သီဟ)

အရက်နှင့် ဓာတ်မြေသြဇာ မှားသောက်မိ၍ သေဆုံး

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စုနေ အမျိုးသားတစ်ဦးသည် ရွက်ဖျန်းဓာတ်မြေသြဇာအား အရက်နှင့်မှားယွင်းပြီး သောက်မိသဖြင့် သေဆုံးသွားသည်။

ဖြစ်စဉ်မှာ မတ် ၁၉ ရက် နံနက် ၅ နာရီ ၃၅ မိနစ်ခန့်တွင် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာအုပ်စု (၃)ရပ်ကွက်နေ မောင်လီရှင်ဖူ(၂၉)နှစ်သည် ၎င်း၏ နေအိမ်အခန်းအတွင်း၌ TD WIN ရွက်ဖျန်းဓာတ်မြေသြဇာကို အရက်နှင့်မှားယွင်းပြီး သောက်မိသဖြင့် နံနက် ၆ နာရီခန့်တွင် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားခဲ့သဖြင့် ငါးဆူတောင်ရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ် ၂/၂၀၁၃ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

လမ်းဖြတ်မီးကြိုးနှင့် မော်တော်ယာဉ်မလွတ်၍ မီးလောင်

ကသာ မတ် ၂၄

မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ယာဉ်မောင်း မောင်နိုင်ဦး အသက်(၃၁)နှစ် သီရိရပ်ကွက် ဗန်းမော်မြို့နေသူ မောင်းနှင်လာသည့် ဒေါင်ဖမ်းအမျိုးအစား ယာဉ်အမှတ် ၃ဂ/--- ၁၂ ဘီးယာဉ်သည် ဗန်းမော်မှ ကသာသို့ သုံးဘီးဆိုင်ကယ်အစီး သုံးဆယ်နှင့် ဆက်စပ်ပစ္စည်းများအား တင်ဆောင်လျက် ကသာမြို့ လမ်းမတော်လမ်းအတိုင်း မောင်းနှင်လာစဉ် ရပ်ကွက်(၆) ရေဝန်းကျောင်းလမ်းသို့ ဖြတ်သန်းစဉ် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးနှင့် သယ်ဆောင်လာသည့် ပစ္စည်းများမလွတ်၍ ချိတ်မိပြီး ရှော့ဖြစ်ကာ ဆိုင်ကယ်ဖော့တုံးများ မီးစွဲလောင်၍ အဲယားကလင်ဒါပစ္စည်းများ၌ ပတ်ထားသော ဂွမ်းစများ မီးစွဲလောင်သဖြင့် မီးသတ်ကား နှစ်စီး၊ တာဝန်ရှိသူများနှင့် ပြည်သူများက မီးငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်၌ မီးငြိမ်းသွားခဲ့သည်။

အဆိုပါ ယာဉ်မောင်း မောင်နိုင်ဦးအား ယာဉ်ကို ပေါ့ဆစွာမောင်းနှင်သဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဈေးဝယ်ဟန်ဆောင် ငွေအိတ်အလစ်သုတ်

ရန်ကုန် မတ် ၂၄

မတ် ၂၀ ရက် ညနေ ၅ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းဈေး မြေညီထပ် ဆိုင်ခန်းအမှတ် (၉၈/၉၉)တွင် ဖွင့်လှစ်ရောင်းချနေသည့် အထည်ဆိုင်တွင် အသက်(၅၀)ခန့်ရှိ အမည်မသိ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး ပိတ်စများပြရန် ပြောသဖြင့် ဆိုင်အတွင်း အထည်များ ဝင်ယူပြီး ပြန်ထွက်လာစဉ် အဆိုပါ အမျိုးသမီးက လူသွားခေါ်မည်ဟု ပြောဆိုထွက်သွားသဖြင့် ဆိုင်အတွင်း စစ်ဆေးရာ ဆိုင်ရှင် မချိုချိုဝင်းထိုင်သည့်နေရာတွင် ချထားခဲ့သော ငွေကျပ်ရှစ်သိန်းပါ အနက်ရောင်အိတ်မှာ ပျောက်ဆုံးနေသဖြင့် အရေးယူပေးပါရန် မချိုချိုဝင်း၏ တိုင်တန်းမှုအား ဗဟန်းရဲစခန်းက (ပ)၁၀၂/၁၃၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

(၃၁)

မီး သတိပြု

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

ယခုတစ်ပတ် စာတည်းမှူးထံရောက်ရှိလာသော ပေးစာများကို ဖော်ပြရလျှင်-

ရပ်ကွက်အတွင်းက သစ်ခြောက်ပင်ရှင်းလင်းစေချင်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းအထက်ရပ်ကွက် သြဘာလမ်း တိုက်အမှတ် (၁၅) ရှေ့ရှိ သစ်ပင်တစ်ပင်သည် ခြောက်သွေ့၍ ကျိုးကျမည့်အခြေအနေဖြစ်ပေါ်နေရာ လျှပ်စစ်မီးကြိုးများ၊ တယ်လီဖုန်းကြိုးများနှင့် နေအိမ်များပေါ် ကျိုးကျပါက အန္တရာယ်ရှိနိုင်ပါသဖြင့် သက်ဆိုင်ရာမှစနစ်တကျ ခုတ်လှဲဆောင်ရွက်နိုင်ရေး အသိပေးတင်ပြလာသောစာ။

ရေသွယ်ခွင့်ပါမစ်ချပေးစေချင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တိုးချဲ့ရပ်ကွက်တွင် ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ ရေသွယ်ခွင့်ပိတ်ထားခဲ့ရာ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ ယခုအခါ ငမိုးရိပ်ရေပေးဝေရေးမှ ပိုက်လိုင်းများတိုးချဲ့သွယ်တန်းပြီး ဖြစ်သည်ကိုလည်း သိရှိရပါသည်။ သို့ပါ၍ သောက်သုံးရေအခက်အခဲ ပြေလည်စေရန် သက်ဆိုင်ရာမှ ရေသွယ်ခွင့်ပါမစ် ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာသောစာ။

ပုဂ္ဂလိက ရေယာဉ်လိုင်းပြေးဆွဲပေးစေချင်

မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်၊ အုန်းပင်စု၊ ကညင်ချောင်း၊ သပြေချောင်းနှင့် စော်ကဲချောင်းကျေးရွာ ပြည်သူများမှာ နွေရာသီတွင် မြစ်မကြီးသို့ နာရီဝက်ခန့် လမ်းလျှောက်ပြီး ရေယာဉ်စီးနိုင်သော်လည်း မိုးရာသီတွင် ရေယာဉ်စီးရန် အခက်အခဲရှိပါသဖြင့် ကျေးရွာငါးရွာသို့ လှည့်ပတ်ပြေးဆွဲပေးသော ပုဂ္ဂလိကရေယာဉ်လိုင်းတစ်လိုင်း ရရှိရေး ချောင်းအတွင်းပိုင်းနေ ပြည်သူများက တင်ပြလာသောစာ။

အမှိုက်ပုံပေါ်မှ ကျူးကျော်တဲများ ရှင်းလင်းပေးပါ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပိတောက် (၅) လမ်းထိပ်ရှိ အမှိုက်ပုံပေါ်တွင် ကျူးကျော်တဲများဆောက်လုပ်နေထိုင်ပြီး အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ အနံ့ဆိုးများ မခံနိုင်ခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းတို့ကြောင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက် ရှင်းလင်းပေးပါရန် တင်ပြလာသောစာ။

(၄၃)ဘတ်စ်ကားများ မူလဂိတ်သို့ ရွှေ့ပေးစေချင်

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ခရေပင်လမ်း ခရေပင်ရိပ်မွန်အိမ်ရာအပိုင်း ၂/၃/၄ ရှေ့ရှိ (၄၃) ဘတ်စ်ကားဂိတ်အား ခရေပင်လမ်းကွန်ကရစ်လမ်းခင်းပြုပြင်မှုကြောင့် အောင်မင်္ဂလာအဝေးပြေးအနီးသို့ ခေတ္တ ရွှေ့ခဲ့ရာ ယခုအခါ လမ်းများပြီးစီးသွားပြီဖြစ်ပါ၍ မူလဂိတ်နေရာသို့ ပြန်လည်ထားရှိပေးပါရန် တင်ပြလာသောစာ။

ရပ်ကွက်အတွင်းရှိ မုန့်ဖို ရှင်းလင်းပေးစေလို

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းမကြီးပေါ်ရှိ အိမ်တစ်အိမ်တွင် ပေါင်မုန့်၊ ကိတ်မုန့် စသည့်မုန့်ဖုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ မုန့်ဖိုမှထွက်သော ညော်နံ့များကြောင့် လမ်းအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေသည့်အပြင် ထင်း၊ လောင်စာများကြောင့် မီးဘေးအန္တရာယ်ပါစိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာက စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာများပင် ဖြစ်သည်။

KMD အထူးဈေးရောင်းပွဲ
(မြေနီကုန်း/ ဝန်းဆိုးတန်း စင်တာ) မတ်လ (၂၆၊ ၂၇) ၊ ၂၀၁၃
ဘယ်မှာမှမရတဲ့ဈေး
329,000/-
Limited Stock
Satellite C800
• Intel B960 • 2GB • 500GB
ကြိုက်တာယူ
၁၃၉၀၀-ကျပ်
Feature Phone

KMD mobile

Phone A60+	: 69,000
Phone U8661	: 75,000
Tablet Opad 7"	: 53,000
Tablet ZestPro 7"	: 56,000
iPad 2 (WiFi)	: 369,000

သရဖူမြတ်နိုးသူ Travel & Tours Co.,Ltd

VIP Class

မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ပုပ္ပါး	Apr:13	150000
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး	Apr:13	130000
ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12	130000
မန်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ပြင်ဦးလွင်	Apr:12,14	140000
မန်း၊ ပြင်ဦးလွင်၊ မံစီ၊ ဝမ်တိန်၊ ရွှေလီ(၂ ညအိပ်)	Apr:12,13	220000
မန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ်	Apr:13	170000
ပုဂံ၊ တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ပင်းတယ	Apr:12	Full
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ လွိုင်ကော်၊ ဒီမောဆိုး	Apr:12, 13	180000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	140000
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်)	Apr:12, 14	160000
ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ မဲဆောက်၊ ဖဝေါ	Apr:13	160000

Star Hotel, Restaurant, New Model Air Coach, Special Services,.....
Ph-01-551453, 09 5156297, 09 5014517, 09 5044489, 09 450053758, 09 73162418

Upper Class

မန်း၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ကျောက်ဆည်၊ ပခုက္ကူ	Apr:12	Full
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ	Apr:12,13	95000
ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12	90000
မန်း၊ အလောင်းတော်ကဿပ၊ ပြင်ဦးလွင်	Apr:12, 14	110000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	90000
မန်း၊ ပြင်ဦးလွင်၊ လားရှိုး၊ ရွှေလီ၊ မံစီ၊ ဝမ်တိန်	Apr:12	140000

* ဟိုတယ်စတိုင်၊ စားသောက်ဆိုင်၊ လေအေးပေးစက်ပါ အဆင့်မြင့်ခေတ်မီလေအိတ်ကားကြီးများ၊ ဝန်ဆောင်မှုများစွာနှင့်-----
* ခရီးစဉ်များအားလုံး တစ်ဆင့်သွားကား‌ခ/စက်လှေခ၊ တစ်ဖက်နိုင်ငံနယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီးဖြစ်သည်။
* အထူးမေတ္တာရပ်ခံချက်-ထွက်ရှိမည့်ကားစီးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပေးပါရန်။

အာရှနဂါး
Ph : 703790,09-861-9008
707062,09-861-7770

380164
09 5017088
09 8626524

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 9000

AKM TRAVELS
ကျိုက်ထီးရိုး
ချောင်းသာ
09-49001557, 09422514874
09-422456025

GOLDEN STAR Travels & Tours

ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး	Apr-12
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ	Apr-12
ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ	Apr-12
မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ	Apr-12
တောင်ကြီး-အင်းလေး-ပင်းတယ	Apr-12,13,17

ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480, 703448, 09-5081580

Asia Top 0943164118, 0949704458, 098635520

Mar 29 Apr 5,12	40000
	65000
	65000
	70000
	70000
	90000

ဦးအောင်ဟိန်းကျော်

အထက်မြန်မာပြည်သတင်း

အစိုးရသစ်စက်ဈေးထက် အပြင်သစ်ဈေးက ချိုသာ သကြံန်မဏ္ဍပ်တာဝန်ခံသူများ အခက်တွေ့နေ

မုံရွာ မတ် ၂၄

မဟာသင်္ကြန် အခါသမယတွင် နှစ်စဉ်နှစ်တိုင်းကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှ တာဝန်ယူ၍ အလှပြမဏ္ဍပ်၊ အကမဏ္ဍပ်၊ အလှပြကားစသည်များ ရပ်ကွက်တိုင်း ဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော်လည်း အဆိုပါမဏ္ဍပ်နှင့် အလှပြယာဉ်များအတွက် သက်ဆိုင်ရာမှ ထုတ်ပေးမည့် သစ်သားဈေးနှုန်းသည် အပြင်ရောင်းချနေသော သစ်စက်ဈေးထက် အစိုးရသစ်စက်ထုတ်သစ်သားဈေးက ပိုမိုနေသောကြောင့် ရပ်ကွက်တာဝန်ခံမည့်သူများအနေဖြင့် အခက်တွေ့နေကြကြောင်း သိရသည်။

မုံရွာမြို့၏ ရပ်ကွက်သင်္ကြန်မဏ္ဍပ်များ၏ ရန်ပုံငွေကို ရပ်ကွက်တာဝန်ခံ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့မှ တာဝန်ယူ၍ ရပ်ကွက်အတွင်း အလှူခံခြင်း၊ သင်္ကြန်ချစ်မြတ်နိုးသူများကို စုစည်း၍ ဆောင်ရွက်ခြင်းစသည့် နည်းများဖြင့် နှစ်စဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည်များရှိသလို သက်ဆိုင်ရာမှ ချပေးလိုက်သည့် သစ်သားများအား ပြန်လည်ရောင်းချ၍ မိမိတို့မဏ္ဍပ်၏ ရန်ပုံငွေတွင်ထည့်ကာ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ကြသော်လည်း ယခုနှစ်တွင် ချပေးမည့် သစ်သားကို ရောင်းချရန်အတွက် သစ်သားဈေးနှုန်းမှာ အစိုးရသစ်စက်ဈေးထက် အပြင်သစ်စက်ဈေးက ပိုမိုချိုသာနေသောကြောင့် သင်္ကြန်ဖြစ်မြောက်အောင် တာဝန်ခံမည့်သူများ အခက်ကြုံနေရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိမိတို့ရပ်ကွက်တွင်းသို့ သင်္ကြန်မဏ္ဍပ်အတွက် အလှူခံရာတွင်လည်း ထည့်ဝင်ချင်သူ အလွန်နည်းပြီး မတတ်သာ၍ ထည့်ဝင်လိုက်ရသူက များသောကြောင့် ရပ်ကွက်တွင်း လှည့်လည်အလှူခံရန်ကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က အခက်တွေ့နေသောကြောင့် မုံရွာသင်္ကြန်၏ နှစ်စဉ်ထုံးစံအတိုင်း သင်္ကြန်ရောက်ခါနီးမှ အားချင်းစီစဉ်ဆောင်ရွက်ကြမည်မှာ သေချာကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

စိုက်ပျိုးနည်းပညာပြန့်ပွားရေးသင်တန်းပို့ချ

နေပြည်တော် မတ် ၂၄

စိုက်ပျိုးရေးဦးစီးဌာန(နေပြည်တော်)နှင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စိုက်ပျိုးနည်းပညာပြန့်ပွားရေးသင်တန်းပို့ချမှုကို ယမန်နေ့တွင် ကျင်းပရာ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်းဆိုင်ရာများ၊ တောင်သူမျိုးစေ့ဘဏ်ကိစ္စများ၊ ဒေသအလိုက် သီးနှံပုံစံများချမှတ်၍ စိုက်ပျိုးနည်းများ၊ မြေအသုံးချနည်းပညာရပ်တွင် မြေဆီလွှာပြဿနာများနှင့် ထိန်းသိမ်းမှုများ၊ မြေဩဇာများကို ထိရောက်စွာ အသုံးချနည်းပညာများ၊ သီးနှံကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ မျိုးစေ့ဥပဒေနှင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ၊ အရည်အသွေးကောင်းမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများအကြောင်းကို ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်သို့ ခိုင်းနွားများ တရားမဝင်တင်ပို့နေခြင်းများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်နိုင်

စစ်ကိုင်း မတ် ၂၄

မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ကျွဲ၊ နွားတို့သည် မရှိမဖြစ် လိုအပ်နေဆဲပင်ဖြစ်သည်။ မြေယာကို ထွန်ယက်စိုက်ပျိုးကြရာတွင် အဓိကအားဖြင့် နွားများကို အားကိုးအားထား ပြုနေကြရသည်။ ယခုအခါ ကျွဲ၊ နွားများကို နယ်စပ်သို့ နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင် သယ်ယူပို့ဆောင်ကာ တစ်ဖက်နိုင်ငံများသို့ ခိုးထုတ်ရောင်းချနေမှုများ ရှိနေသောကြောင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကျွဲ၊ နွားရှားပါးမှု၊ ဈေးနှုန်းမြင့်တက်မှုတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ကျွဲ၊ နွားများ ရှားပါးလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာမည်ဖြစ်ကြောင်း သိရသည်။

“အခုအခါ ရာသီဥတုက ဖောက်ပြန်၊ မိုးလေဝသက မမှန်၊ မိုးကခေါင်၊ ရေကရှားဆိုတော့ ကောက်ပဲသီးနှံက ကောင်းကောင်းမရကြဘူး၊ တောင်သူလယ်သမားအများစုက ရာသီဥတုဖောက်ပြန်ပြီး တစ်နှစ်တစ်ရာသီ သီးနှံ မရလိုက်တာနဲ့ ကြွေးတင်တော့တာပဲ။ မိသားစု စားဝတ်နေရေးအတွက် ကိုယ့်ရှိတဲ့နွားလေး ထုတ်ရောင်းပြီး ကြွေးဆပ်ကြရတယ်။ စိုက်ချိန် ပျိုးချိန်ရောက်ပြီဆိုရင် စိုက်ပျိုးစရိတ်အတွက် ကိုယ့်ရှိတဲ့ ရွှေတိုငွေစလေးတွေ ထုတ်ရောင်းကြရတယ်။ ရွှေတိုငွေစ မရှိတဲ့သူတွေကျတော့ ကိုယ့်ရှိတဲ့ နွားကို ထုတ်ရောင်းကြရတယ်။ နွားဝယ်တဲ့သူတွေကလည်း အရင်မပေးဖူးတဲ့ ဈေးတွေပေးပြီး ဝယ်ကြတယ်။ အခု နှစ်မိုးလောက်ခိုင်းထားတဲ့ ခိုင်းနွားတစ်ကောင်ကို ခုနစ်သိန်း ခွဲဝန်းကျင်လောက် ပေးဝယ်ကြတယ်။ တစ်မိုးနွားပေါက်ကို ခြောက်သိန်းလောက်ထိ ပေးဝယ်ကြတယ်။ ဈေးကောင်းရတယ်ဆိုပြီး ရောင်းလိုက်တာ မိုးကျလို့ ကိုယ့်ယာကိုယ့်လယ်ကို ထွန်ယက်မယ်လည်းလုပ်ရော ခိုင်းနွားက မရှိပြန်ဘူး။ နွားပြန်ဝယ်ဖို့ စုံစမ်းကြည့်တော့ ကိုယ်ရောင်းလိုက်တဲ့ နွားလောက်မလှတဲ့ ခိုင်းနွားတစ်ကောင်ကို ရှစ်သိန်းတဲ့။ တောင်သူလယ်သမားတွေမှာ လယ်ယာရှိပေမယ့် ခိုင်းနွားမရှိတဲ့သူတွေက အများကြီးရှိတယ်။ နယ်စပ်ဆွဲရောင်းနေတဲ့သူတွေကတော့ နွားတစ်ကောင်ကို ဘယ်လောက်ရလို့လဲတော့မသိဘူး။ ခိုင်းနွားချောချောကောင်းကောင်းကြီးတွေကို ဈေးကောင်းကောင်း ပေးဝယ်နေကြတယ်။ တစ်နှစ်ထက် တစ်နှစ် ခိုင်းနွားတွေရှားလာနေပြီ။ သက်ဆိုင်ရာအနေနဲ့ ကျွဲ၊ နွားတွေ တရားမဝင်နယ်စပ်ကရောင်းချနေတဲ့သူတွေကို ထိထိရောက်ရောက် တားဆီးပေးနိုင်မှ ရေရှည်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ မထိခိုက်မှာ။ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနေပြီဆိုပေမယ့် အခုချိန်ထိ ကျွဲ၊ နွားကိုပဲ အဓိကအားကိုးနေရတုန်းပဲ။ ခိုင်းနွားတွေ ရှားပါးလာရင် အချိန်မီ မထွန်ယက်နိုင်တာ၊ မစိုက်ပျိုးနိုင်တာတွေဖြစ်လာပြီး လယ်ယာစိုက်ပျိုးရေးကို ထိခိုက်လာမှာကတော့ အသေအချာပါပဲ”ဟု စစ်ကိုင်းမြို့နယ်မှ တောင်သူတစ်ဦးက ပြောပြသည်။**(အောက်ပုံ)**

(နန္ဒာမင်းလွင်)

ရွှေကူနီပွဲတော် နွဲပျော်သူတွေအဆင်ပြေ

ရေစကြို မတ် ၂၄

မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ပခန်းကိုကြီးကျော်၏ ရွှေကူနီ နတ်နန်းသို့ မော်တော်၊ စက်လှေ၊ ကား၊ ဆိုင်ကယ်များဖြင့် တပေါင်းလဆန်း ၃ ရက် ရေချိုးဆင်းပွဲ မတိုင်မီကတည်းက တဖွဲဖွဲ လာရောက်လျက်ရှိနေကြကြောင်း သိရသည်။

ယခုအခါ ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်(ပို့/ဆက်)၊ မြို့နယ် မော်တော်ရေယာဉ်အသင်းတို့မှ အများပြည်သူ ဘေးကင်းလုံခြုံမှုနှင့် စရိတ်သက်သာစွာဖြင့် သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုကြောင့် မော်တော်စီးခမှာ လူတစ်ဦးအသွား ကျပ် ၅၀၀၊ အပြန် ကျပ် ၅၀၀ ဖြင့် တစ်စီးပြည့်လျှင် တစ်စီးထွက်စနစ်ဖြင့် ပြေးဆွဲလျက်ရှိသည်။**(အောက်ဝဲပုံ)**

“ဒီနှစ်တော့ ရေစကြိုဆိပ်ကမ်းကနေ ကိုကြီးကျော်ရဲ့ ရွှေကူနီနန်း သွားရတာ အရမ်းစိတ်ချမ်းသာတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ရေစကြို-ကူနီက ရေမိုင် ရှစ်မိုင်လောက်ခရီးကို မော်တော်ခက လူတစ်ဦးအသွား ကျပ် ၅၀၀၊ အပြန် ကျပ် ၅၀၀ ပဲပေးရတယ်။ ပခန်းငယ်နဲ့ ကူနီ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ကူးတို့ကူးခက လူတစ်ဦး အသွား ကျပ် ၅၀၀၊ အပြန် ကျပ် ၅၀၀ ယူတော့ ရေစကြိုကသွားရတာ အဆင်လည်းပြေ စရိတ်လည်း သက်သာတယ်၊ ပြီးတော့ (ပို့/ဆက်)က တာဝန်ရှိသူတွေ၊ မော်တော်ရေယာဉ်အသင်းက တာဝန်ရှိသူတွေ၊ မော်တော်လုပ်သားတွေက အတက်အဆင်းကအစ ဂရုလည်းစိုက်၊ စနစ်တကျလည်း လက်မှတ်ရောင်း၊ ကုန်ပို၊ လူပို မတင်ရအောင်လည်း ကြီးကြပ် အန္တရာယ်ကင်းအောင် ဖေးဖေးမမ ကူညီကြတော့ ဒီနှစ် ကိုကြီးကျော်ရဲ့ ရွှေကူနီပွဲနွဲရတာ စိတ်ချမ်းသာတယ်ဗျာ”ဟု တမူးနယ်မှ ခရီးသွားတစ်ဦးက ပြောပြသည်။

(ဖေထွဏ်းဇော်-ရေစကြို)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း(အမ်ဘီအေ)အမှတ်စဉ်(၁၀)သင်တန်းနှင့်
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်း(အမ်ပီအေ)အမှတ်စဉ်(၁၀)သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်သူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ၂၅-၃-၂၀၁၃ ရက်မှစ၍ သင်တန်းရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃-၅-၂၀၁၃ ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်း ရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၈-၅-၂၀၁၃ ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင်ကျင်းပပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ဒုတိယပါမောက္ခချုပ်ရုံးခန်း၊ ဖုန်း-၀၆၄-၃၉၂၈၅ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၆၄-၃၉၂၇၈ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(အေးဇော်)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

မန္တလေးကဗျာရွတ်ပွဲတော် ကျင်းပ

မန္တလေး မတ် ၂၄

မန္တလေးမြို့မှ ကဗျာဆရာများ စုပေါင်းစီစဉ်ကျင်းပသည့် ပထမဆုံးအကြိမ် မန္တလေးကဗျာရွတ်ပွဲကို မတ် ၂၁ ရက်တွင် ကျရောက်သော ကမ္ဘာ့ကဗျာနေ့တွင် မန္တလေးမြို့ (၆၄) လမ်းနှင့် (၂၇) လမ်းထောင့်ရှိ Oriental House မင်္ဂလာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မန္တလေး၊ ရန်ကုန်၊ မြင်းခြံ၊ မုံရွာ၊ ရွှေဘို၊ တမူး၊ မတ္တရာ၊ ကျောက်ဆည်၊ ပြင်ဦးလွင်မှ ကဗျာ ဆရာများ၊ ကဗျာချစ်မြတ်နိုးသူများ စုစုပေါင်း ၁၅၀ကျော် တက်ရောက်ကြပြီး ကဗျာဆရာကြီးများနှင့်အတူ အွန်လိုင်းကဗျာဆရာများလည်း ပါဝင်သည်။

ရှေးဦးစွာ ကဗျာဆရာကြီးများဖြစ်သည့် သခင်ကိုယ်တော်မှိုင်း၊ မင်းသုဝဏ်၊ ဇော်ဂျီ အစပြု၍ ကွယ်လွန်ပြီးသော ကဗျာဆရာအပေါင်းနှင့် တကွ ယနေ့တိုင် ကဗျာအကျိုးကို သယ်ပိုးထမ်းရွက်လျက်ရှိသော ဆရာကြီး ဒဂုန်တာယာအစရှိသည့် သက်ရှိထင်ရှား ကဗျာဆရာအပေါင်းတို့အား ငြိမ်သက်ဂါရဝပြုကြသည်။ မန္တလေးကဗျာရွတ်ပွဲတော်တွင် ပေးပို့လာသော သဝဏ်လွှာအသီးသီးအား ဖတ်ကြားခြင်း၊ ကဗျာဆိုင်ရာစာတမ်းများဖတ်ကြားခြင်း၊ ကဗျာရွတ်ခြင်း ပြုလုပ်ကြပြီး တက်ရောက်လာကြသူများက ကဗျာဆရာကြီး မင်းသုဝဏ်၏ သပြေညိုကဗျာကို သံပြိုင်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

(၀၀၂)

ရွှေဘို ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း (၁၄)ကြိမ်မြောက် သင်တန်းဆင်း စာမေးပွဲကျင်းပ

ရွှေဘို မတ် ၂၄

မင်းကွန်းဆရာတော်ကြီး၏ သာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို ၁၉၈၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကို ရွှေဘိုမြို့ မဟာအောင်မြေ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ ဖွင့်လှစ်ခဲ့သည်။

စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ယနေ့ထိ သင်တန်းသား သံဃာတော် ၅၈၈ ပါးကို သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်သည်။ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အတွင်းသာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှလည်း လာရောက်၍ သင်တန်းတက်ကြသည်။ လက်ခံသင်ကြားပေးနိုင်သော သင်တန်းသားအရေအတွက်မှာ အပါး ၄၀ ဖြစ်ပြီး သင်တန်းကာလ နှစ်နှစ်အတွင်း ပါရာဇိကံ၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ၊ ခန္ဓကနှင့် အခြားကျင့်ဝတ်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ ပိဋကတ်သမိုင်း၊ အင်္ဂလိပ်စာ၊ မြန်မာစာရေးသားဟောတရားတို့ကို သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုသလ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော် သံဃာတော်များက ပို့ချပေးသည်။ ယခုအခါ စာသင်နှစ်ပြီးဆုံးပြီဖြစ်သဖြင့် သင်တန်းဆင်း စာမေးပွဲကို မတ် ၁၆၊ ၁၇၊ ၁၈ ရက်တို့တွင် ကျင်းပလျက်ရှိသည်။ ကြွရောက်သင်တန်းတက်ကြသော သံဃာတော်တို့အား သင်တန်းကာလ နှစ်နှစ်အတွင်း ဆွမ်းကိစ္စအတွက် ကြောင့်ကြမှုမရှိစေရန် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့နှင့် ဝေယျာဝစ္စ ကုသိုလ်ရှင်အဖွဲ့တို့က ငွေပဒေသာပင်များ စိုက်ထူထားပြီး ကပ်လှူပူဇော်လျက်ရှိကြောင်း သိရသည်။ **(၅၇၂)**

နောင်ရိုးတိုက်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာစိုက်ထူမည်

အိမ်မဲ မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် နောင်ရိုးတိုက်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာစိုက်ထူရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းနှင့် ဌာနဆိုင်ရာများ၊ အိမ်မဲမြို့နယ်အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မတ် ၁၇ ရက်က ဇရပ်ဆိပ်ကျေးရွာရှိ မြေနေရာကို ရွေးချယ်သတ်မှတ်ကာ နောင်ရိုးတိုက်ပွဲ ဖြစ်ပွားခဲ့သည်ဆိုသောနေရာ၌ ကမ္ပည်းကျောက်စာစိုက်ထူရန် ကွင်းဆင်းခဲ့ကြသည်။ နောင်ရိုးတိုက်ပွဲအထိမ်းအမှတ် ဘုရင့်နောင်ကျော်ထင်နော်ရထာရုပ်တုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အိမ်မဲမြို့အဝင်တွင် ဖွင့်လှစ်ခဲ့ကြပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် အိမ်မဲမြို့နယ် ဇရပ်ဆိပ်ကျေးရွာ၌ နောင်ရိုးတိုက်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာ စိုက်ထူဖွင့်လှစ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း နောင်ရိုးတိုက်ပွဲရုပ်ထုနှင့် ကမ္ပည်းကျောက်စာဖြစ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းလွင်၏ ပြောကြားချက်အရ သိရသည်။

ဇော်ထက် (အိမ်မဲ)

AZG ဆေးခန်းများတွင် ကျန်းမာရေး အခမဲ့ဆေးစစ်နိုင်

မြစ်ကြီးနား မတ် ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သဇင်ဆေးခန်း၌ HIV/AIDS ဝေဒနာရှင်များအား ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်ဆရာ ဆရာမများ၊ သူနာပြုများဖြင့် ကြပ်မတ်ကုသမှုပေးပြီး ဆေးကုသချိန်အတွင်း လိုအပ်ပါက နေထိုင်စားသောက်ရေးအတွက် အဆင်ပြေရန်အခမဲ့ စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နယ်စည်းမခြားဆရာဝန်များအဖွဲ့ AZG (Holland) မှ ကျွမ်းကျင်ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဖွင့်လှစ်ကုသပေးနေသော သဇင်ဆေးခန်းများကို ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဖားကန့်၊ ဗန်းမော်မြို့၊ မိုးကောင်းမြို့၊ ဝိုင်းမော်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာ၊ အင်းစိန်၊ သာကေတတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်တွင် လားရှိုး၊ မိုင်းရှူး၊ မူဆယ်မြို့တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့တို့၌လည်းကောင်း ဖွင့်လှစ်ထားကြောင်းသိရပြီး ရခိုင်ပြည်နယ်ရှိ ဆေးခန်းများအား ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

AZG ဆေးခန်းများ၌ HIV/AIDS ရောဂါအကြောင်း တိုင်ပင်ဆွေးနွေးခြင်း၊ နှစ်သိမ့်ပညာပေးခြင်းအပါအဝင် လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါတို့ကို အခမဲ့ကုသပေးပြီး သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ကျွမ်းကျင်ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများဖြင့် အခမဲ့ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ **ဇေယျာ(ကောလင်း)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်း လုပ်ငန်းဖြစ်သော သရက်ပင်-ကျောက်ဖူးမြေသားလမ်း ပေ (၆၀၆၀×၂၀×၃) ခင်းခြင်းကို ကုန်ကျငွေကျပ် ၁၂၇၁၇၀၀၀ ဖြင့် လုပ်ငန်းဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြ

သထုံ မတ် ၂၄

ပူပြင်းလှသော နွေရာသီကာလတွင် ဖြစ်ပွားတတ်သည့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတိအစဉ်ရှိစေရေးနှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ရှောင်တခင် ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိနိုင်ရန်အတွက် မတ် ၂၁ ရက် နံနက် ၉ နာရီတွင် သထုံမြို့ သိမ်ကုန်းရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစောထွန်းနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ရပ်ကွက်/ကျေးရွာများမှ ဦးဆောင်အုပ်စုများ၏ တစ်လတစ်ကြိမ် ပုံမှန်အစည်းအဝေးတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၃၅၀ တို့အား အိမ်ထောင်ရှင်အမျိုးသမီးများအား မီးဘေးကြိုတင် ကာကွယ်ရေးနှင့် ပတ်သက်သည့် သိရှိနားလည်ထားရမည့်အချက်များကို လက်တွေ့ရှင်းလင်းသရုပ်ပြ ဟောပြောခဲ့ကြောင်းသိရသည်။ **သက်ဦး(သထုံ)**

AMII မှ ချီးမြှင့်မည့်
" နိုင်ငံတကာအဆင့် စီမံခန့်ခွဲ အုပ်ချုပ်မှု ပညာရပ်ဆိုင်ရာ သင်တန်းများ "

Become Certified and Jobs Will Seek You.

Certified Professional Manager "CPM"
Certified Marketing Manager "CMM"
Certified Human Resources Manager "CHRM"

Class Duration
Day : SAT & SUN
Teaching Hour : (40-60) Hours
4 Hours per day

Starting Date : 30 March 2013

For further information please contact us: MCC Training Institute (Yangon Campus)
Junction Square, Building (II), Second Floor, Kamaryut Township
Between Pyay Road and Kyuntaw Street, Yangon, Myanmar
Tel : 01-245762, 249152, 246634, 395512
Tel : 2304156

(၆၄)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား ဖိတ်ကြားခြင်း

၂၆-၃-၂၀၁၃ရက်တွင် ကျရောက်မည့် (၆၄)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်မှ ပအိုဝ်းမိသားစုများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

- နေ့ရက် - ၂၆-၃-၂၀၁၃ရက်(အင်္ဂါနေ့) ၊ တပေါင်းလပြည့်နေ့
- အချိန် - နံနက် ၈ နာရီမှ ည ၁၀နာရီအထိ
- နေရာ - တောင်ကြီးပရိယတ္တိစာသင်တိုက်၊ မဟာစည်သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့
- အစီအစဉ် - နံနက်ပိုင်းတွင် နေ့ဆွမ်းဆက်ကပ်ခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခြင်း၊ နေ့လယ်ပိုင်းတွင် ရိုးရာအကပဒေသာပွဲနှင့် ရိုးရာအစားအစာ၊ ရိုးရာဝတ်စုံအသုံးအဆောင်များရောင်းချခြင်း

* ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ပအိုဝ်းတိုင်းရင်းသားများ ကြွရောက်ကြပါရန် နှိုးဆော်ပါသည်။
(Ferry အစီအစဉ်ရှိသည်၊ နံနက် ၇း၃၀နာရီ ကြို/ည ၁၀နာရီပို့)

* အလှူငွေထည့်ဝင်လှူဒါန်းရန်နှင့်စုံစမ်းရန်-

ပအိုဝ်းဓမ္မာရုံ	ဖုန်း-၀၁-၃၈၀၈၉၇	ဦးထွန်းပေါ်	ဖုန်း-၀၁-၆၈၀၄၉၀
ဦးခွန်ဒေဝ	ဖုန်း-၀၁-၅၀၅၁၀၇	ဒေါ်နန်းချော	ဖုန်း-၀၉-၇၃၀၇၅၄၈၆
ဦးခွန်မြင့်လွင်	ဖုန်း-၀၉-၇၃၁၅၉၀၆၄	ဦးခွန်မောင်နိုး	ဖုန်း-၀၉-၇၃၀၇၀၂၆၈
ဒေါ်နန်းညွန့်မေ	ဖုန်း-၀၉-၇၃၂၃၄၂၀၉	ဦးခွန်ဘနိုင်	ဖုန်း-၀၉-၇၃၁၄၇၀၅၆
ဦးကျော်မြင့်လှိုင်	ဖုန်း-၀၉၄၉၃၁၆၆၀၉		

အခမ်းအနားကျင်းပရေးကော်မတီ

ZILLION CHANCES Executive Education ၏ နောက်ထပ်ဝန်ဆောင်မှုတစ်ခု
- ယနေ့အပြိုင်အဆိုင်များသော ဈေးကွက်စီးပွားရေးခေတ်၌ ပြိုင်ဘက်များအား အလဲထိုး ကျော်လွှားနိုင်ရန်...
- Customer Expectation မြင့်သော Education Level မြင့်သော Customer များအား အကောင်းဆုံးဝန်ဆောင်မှုပေးစေနိုင်ရန်...
- ဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်သောအခြေခံစွမ်းရည်သဘောတရားကို အချိန်တို အတွင်း နားလည်သဘောပေါက်စေရန်...

Customer Service Skills
Training Hours : 10 hours
Training Fees : 30000 kyats
Commencing Date : 3 April 2013

Zillion Chances Executive Education is a vocational tratining service organized by Zillion Chances Co.,Ltd.

အရိုးကျိုးပေါင်းတက်ရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း
အောင်မင်္ဂလာ ဆေးကုခန်းတွင် ယခု မျက်မှောက်ခေတ်အမီဆုံး၊ အထွမ်းထက်မြက်ဆုံး ဆေးနှင့် ကုထုံးပေါင်းစပ်အသုံးပြု၍ အဆစ်အမြစ်ကိုက်ခဲခြင်းနှင့် အရိုးကျိုးပေါင်းတက်ရောဂါအမျိုးမျိုးကို (၃)ကြိမ်မှ (၅)ကြိမ်ထိ ဆေးကုသရုံဖြင့် ဝေဒနာသက်သာပျောက်ကင်းသွားပြီး ထပ်မံမပေါ်ပေါက်နိုင်တော့ပါ။ ဆေးကုသရာတွင် နာကျင်မှုနှင့်ဘေးထွက်ဆိုးကျိုး မရှိနိုင်ပါ။ နာတာရှည်ခေါင်းကိုက်ရောဂါကိုလည်း (၂)ကြိမ်မှ(၃)ကြိမ် ဆေးကုသရုံဖြင့် သက်သာပျောက်ကင်းစေပါသည်။
ဆေးခန်းဖွင့်ချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ(တနင်္ဂနွေနေ့တိုင်း ဆေးခန်းပိတ်သည်။)
ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀ ၂၉၇၄၅
အမှတ်(၁၁၁)၊ ဓနိအိုးတန်းလမ်း(အပေါ်ဘလောက်)၊ လသာ၊ ရန်ကုန်မြို့။

ဟိုင်းဗင်း စက်မှုလက်မှု
အလုပ်ရုံခွဲ ဆိုင်ခွဲမရှိပါ
- အမှုန့်ကြိတ်စက်
- ဆားကြိတ်စက်
- ဆားခါစက်
- အစာမွှေစက်
- ငါးမှုန့်လှော်စက်
- အစာတောင့်ညှစ်စက်
- ပလတ်စတစ်ကြိတ်ခွဲစက်
- ပရုဆေးကြိတ်စက်
- ဆေးမွှေစက်
- မီးသွေးတောင့်ညှစ်စက်
- မုန့်ညက်ကြိတ်စက်
- အုန်းနို့ညှစ်စက်
- အုန်းသီးခြစ်စက်
- ဖွဲကြိတ်စက်
- ကြက်စာစက်
- ငါးပိကြိတ်စက်နှင့်
- အမှုန့် ဆန်ခါ ချစက်

စသည့် စက်အမျိုးမျိုး ပြုလုပ်ပေးပါသည်။
ပင်ရင်း
အမှတ် (၉၅)၊ သုရလမ်းနှင့်သစ္စာလမ်းထောင့်၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:01-577802

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

စင်သီယာသည် ငိုင်ပြီး ငြိမ်ကျသွား၏။ အတန်လေးကြာမှ မေးသည်။

"ရွာမှာ မောင့်အမေက ဘယ်သူနဲ့ သွားနေမှာလဲ"

"မောင့်ကြီးတော် တစ်ယောက်နဲ့၊ အရင်းတော့ မဟုတ်ဘူး ဝမ်းကွဲထဲက၊ ခဏတော့ အမေ နေလို့ရပါတယ်"

စင်သီယာသည် သက်ပြင်းလေး ရှိုက်၏။

"စင်သီယာ နားလည်ပါပြီ မောင်၊ မောင့်အမေကို မောင်လုပ်ကျွေးရဦးမယ် ဟုတ်တယ် မဟုတ်လား"

လည်ချောင်းမှာ ဆို့နင့်လာသောကြောင့် သူက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြ၏။

"စင်သီယာ တစ်ခုမေးဦးမယ်၊ မောင်ဖြေမလား"

"မေးပါ စင်သီယာ"

"စင်သီယာ့ကို စိတ်တော့ မဆိုးနဲ့နော်"

"ဘာကြောင့် စိတ်ဆိုးရမှာလဲကွယ် "

"မောင် မောင့်အမေနဲ့ စင်သီယာ ဘယ်သူ့ကို ပိုချစ်လဲ"

သူက တုန်လှုပ်သွားသည်။ ဝမ်းနည်းစွာဖြင့်လည်း စင်သီယာကို ကြည့်မိသည်။

"ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ စင်သီယာရယ်"

"စင်သီယာ့ကို ပြန်မမေးနဲ့လေ၊ စင်သီယာ မေးတာကို ဖြေပါဦး"

"မတူတာနှစ်ခုကို ဘာလို့ယှဉ်ပြီး မေးချင်ရတာလဲ စင်သီယာ၊ ဒီအချစ်နှစ်ခုက အလွယ်တကူ နှိုင်းယှဉ်လို့ရတာမျိုး မဟုတ်ဘူး၊ စင်သီယာ့ကို မောင့်အမေထက် ချစ်ပါတယ်လို့ဆိုရင် မောင်ညာတာပဲ၊ တစ်ခါ မောင့်အမေကို စင်သီယာထက် ချစ်ပါတယ်ဆိုရင်လည်း မောင်ညာတာပဲ၊ အတူတူပဲ ချစ်တယ်ဆိုရင်လည်း မောင်ညာတာပဲ၊ မောင် အမှန်ဆုံး ဖြေနိုင်တာက တခြားစီပါလို့၊ ဒီအဖြေကိုပဲ ကျေနပ်ပါတော့ စင်သီယာရယ်"

စင်သီယာက ရယ်သည်။ ရယ်သံဖြစ်သော်လည်း ကြေကွဲမှုက လွှမ်းနေသည်။

" စင်သီယာ မောင့်အဖြေကို ကျေနပ်ပါတယ် မောင်၊ နားလည်းလည်ပါတယ်၊ နားလည်လို့လည်း မောင့်ရင်ထဲ ဘာဖြစ်နေမယ်ဆိုတာ စင်သီယာ သိပါပြီ၊ ဒါကြောင့် စောစောက စင်သီယာပြုတဲ့အကြံကို စင်သီယာ ပြန်ရုပ်သိမ်းပါတယ်၊ စင်သီယာတို့ ခွဲကြမယ်၊ ဒါပေမယ့် ဒီတစ်ခါ ခွဲကြပြီးရင် ပြန်ဆုံကြဖို့ မလွယ်ဘူးဆိုတာတော့ မောင်သိထားရမယ်နော်"

"မောင် ကောင်းကောင်းသိထားပါတယ် စင်သီယာ"

"နောင်များ တစ်ခုခုဖြစ်ကြရင် စင်သီယာ့ကို မောင် အပြစ်မတင်နဲ့နော်"

"စင်သီယာ ဘာကို ပြောတာလဲဟင်"

"ဘာရယ်လို့တော့ မဟုတ်ဘူးလေ၊ အကောင်းဆုံးအတွက်တော့ စင်သီယာ မျှော်လင့်နေမယ်၊ မျှော်လင့်တာတွေ ဖြစ်မလာတဲ့ တစ်နေ့မှာ စင်သီယာ့ကို မောင် အပြစ်မတင်ရဘူး"

စင်သီယာ့စကားကို သူက အတန်လေးကြာအောင် စဉ်းစားသည်။ ပြီးတော့ သက်ပြင်းကို လေးပင်စွာချပြီး ဖြေသည်။

"စင်သီယာ ဆိုလိုတာ မောင်နားလည်ပါတယ်၊ မောင် အပြစ်မတင်ပါဘူး၊ အပြစ်မတင်တဲ့အပြင် မောင် ခုတည်းက ခွင့်လွှတ်လိုက်မယ်၊ မောင့်ကို စောင့်ပါလို့တောင် မောင် မပြောလိုက်ဘူး၊ စင်သီယာ့အပေါ် မတရားသဖြင့် မောင် မချုပ်ချယ်ချင်ဘူး၊ ဒါပေမယ့် မျှော်လင့်ခြင်းနဲ့ တစ်သက်လုံး လူလုပ်လာသူမို့ မောင်ကတော့ မျှော်လင့်နေမယ်၊ မောင့်မျှော်လင့်ချက်ကို မောင်မစွန့်ဘူး၊ ဒီကတိကို မောင်ပေးလိုက်တယ်"

ဘုရားတစ်ဖက်မှ မေမေခင်တို့၏ အသံများပေါ်လာသည်။ စင်သီယာ့နာမည်ကိုလည်း မတိုးမကျယ် ခေါ်နေကြ၏။

သူ့လက်တွင်းမှ စင်သီယာက အသာရုန်းထွက်လိုက်၏။

မျက်ရည်ပေါက်များ စီးကျနေသော မျက်နှာလေးဖြင့် ပြော၏။

"ဘာပဲဖြစ်ဖြစ် စင်သီယာ့ရင် သိပ်နာတာပဲ မောင်၊ ရင်နာတယ်ဆိုလို့ မောင့်ကို စင်သီယာ စိတ်နာတယ်လို့ မထင်ပါနဲ့ မောင်၊ မောင့်ကို စင်သီယာစိတ်မနာပါဘူး၊ စိတ်မနာတဲ့အပြင် ပိုပြီးတောင် ချစ်ပါတယ်၊ စင်သီယာ သွားမယ် မောင်၊ မောင့်ကို စင်သီယာ ကန်တော့ခဲ့ပါတယ်"

စင်သီယာသည် မြေမှာ ကျုံ့ကျုံ့လေးထိုင်ပြီး သူ့ကို ကန်တော့သည်။ ကန်တော့အပြီး မျက်ရည်လည်ရွဲနှင့် သူ့မျက်နှာကို အတန်ကြာ စိမ်းစိမ်းစိုက်ကြည့်နေသေး၏။

ခဏတွင်မူ မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး နေရာမှ ထပြေးသွား၏။

ထန်းသုံးပင်ရိပ်မှာ မြင့်နွယ် တစ်ယောက်တည်း ကျန်ရစ်သည်။

တစ်ယောက်တည်း ကျန်ရစ်မှပင် စောစောက တင်းဆည် ထိန်းထားရသော မျက်ရည်တို့ကို ကျလွတ်စေရသည်။

စင်သီယာတို့ကား ထွက်သွားလောက်ပြီထင်မှ ထန်းသုံးပင်ရိပ်မှ ထသည်။

ကဆုန်ကျွမ်းလုပြီမို့ မိုးသားတို့ ဆင်လာနေကြသည်။ မိုးရွာလေစေ စင်သီယာနှင့် တွေ့စဦး နတ်တော်လမှာလိုတော့ နှင်းမရှိနိုင်ပြီ။

နှင်းလည်း ပြေးပြီ၊ မြူပင် မကျန်ပြီ၊ သြော် . . . စင်သီယာနှင့်လည်း ဝေးရလေပြီ။

ဦးမြင့်နွယ်သည် စင်သီယာ၏ ဓာတ်ပုံလေးကို တစ်ချက် စိုက်ငေးကြည့်ပြီးနောက် အံဆွဲတွင်း ပြန်သွင်းလိုက်သည်။

စားပွဲရှိ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ခေတ္တ မျက်စိကို ပိတ်ထားလိုက်သည်။

ပိတ်ထားသော မျက်စိတွင်းမှာ စင်သီယာ၏ မျက်နှာ ပြုံးပြုံးလေးက ပြန်ပေါ်လာသည်။

ပြုံးပြုံးလေး၊ နုနုနယ်နယ်၊ ပါးချိုင့်လေး နှစ်ဖက်နှင့်။

ဦးမြင့်နွယ်သည် ထိတ်လန့်စွာဖြင့် မျက်စိများကို ပြန်ဖွင့်လိုက်သည်။

အံဆွဲကိုလည်း ပြန်ဖွင့်ပြီး စင်သီယာ့ဓာတ်ပုံလေးကို တစ်ခါ ထပ်ကြည့်မိပြန်သည်။

မြတ်စွာဘုရား၊ တူလှချေတကား၊ မွန်မွန်နှင့် စင်သီယာတို့ တူလှချေပါတကား။

ဦးမြင့်နွယ်၏ မျက်လုံးများသည် မိမိ၏ လက်ဆွဲအိတ်ဆီ ရောက်သွားသည်။ သည်လက်ဆွဲအိတ်တွင်းမှာ ဦးနေအောင် ပေးခဲ့သည့် မွန်မွန်၏ ဆေးစစ်တမ်းများ ရှိသည်ကို သတိရမိသည်။

ဦးမြင့်နွယ်က လက်ဆွဲအိတ်ကို ဖွင့်ပြီး ဆေးစစ်တမ်းများကိုယူ၍ ဖတ်ကြည့်သည်။

တစ်စောင်က ရန်ကုန်ဆေးရုံကြီးမှ မိမိ ကောင်းကောင်းသိသော သမားတော်ကြီးတစ်ဦး လက်မှတ်ထိုးထားသော စစ်တမ်းဖြစ်၏။ အခြားတစ်စောင်မှာလည်း မိမိနှင့်ခင်သော မင်္ဂလာဒုံစစ်ဆေးရုံကြီးမှ အာရုံကြောနှင့် ကြွက်သားဘက်ဆိုင်ရာ ပါရဂူဆရာဝန်ကြီး လက်မှတ်ထိုးထားသော စစ်တမ်းတည်း။

စစ်တမ်းနှစ်ခုလုံးက တစ်ခုနှင့်တစ်ခု အညီအညွတ်ဆိုထားသည်။

စိတ်မှတ်မဲ့ တုံ့ပြန်မှုများ မချွတ်ယွင်း၊ လှုပ်၍မရသော လက်မှ ကြွက်သားများသည် အသုံးမပြုသဖြင့် ကြုံလှီယိုယွင်းမှု၊ ပုံပျက်မှု မရှိ။ လှုပ်မရသော လက်၏ အနေအထား သဘာဝသည် နဗ်ကြောပျက်၍ သေသော လက်တို့၏ အနေအထားသဘာဝနှင့်မတူ။

ညာဘက်ခြေထောက်တွင် ခံစားမှုအားနည်းကြောင်း ဖွင့်ပြောမှုရှိသည်။ ညအခါ ကောင်းစွာ အိပ်မပျော်တတ်။

စိုးရိမ်စိတ် လွန်ကဲသည်။

ရောဂါ သတ်မှတ်ချက်ကား . . .

ဟစ်စတဲရီးယား၊ ဟိုက်ပိုခွန်ဒရီးယားဆစ်၊ ဖန်ရှင်နယ်လ် ပါရာလစ်ဆစ်။

ပြည့်စုံသည်၊ စိတ်ဝေဒနာကြောင့် လက်တစ်ဖက်သေသည်ဟု အခိုင်အမာ ဆိုထားကြသည်။

ဦးမြင့်နွယ်သည် နားတွင် နေ့လယ်က မဟာဝိဇ္ဇာ ကျောင်းသား မေးခဲ့သော မေးခွန်းကို ပြန်သတိရသည်။

တူညီသော အခြေအနေမှာ အချို့က စိတ်ရောဂါရသည်၊ အချို့က မရ။ ဘာကြောင့်နည်း။

မိမိက ပတ်ဝန်းကျင်အကြောင်းနှင့် ပတ်ဝန်းကျင်မဟုတ်သောအကြောင်း (ဝါ) ပါဝင်အကျိုးသက်စေမှုတို့ကို ဆွေးနွေးရှင်းပြခဲ့သည်။

မိမိ မဆွေးနွေး၊ မရှင်းလင်းခဲ့သော တစ်ချက်ရှိနေ၏။

အချို့က မရဟူသော စကားသည် ရာနှုန်းပြည့်မမှန်။

အခြေခံစိတ်ရောဂါ တိမ်းညွှတ်မှု ဆင်ဆင်လေးတွေတော့ လူကောင်းဟူသည်တို့မှာလည်း ရှိနေကြသည်။

ချူရိုးဆစ်ရောဂါသည်နှင့် လူကောင်းဟူသည်တို့ကြား ခြားနားမှုမျဉ်းက မတူ။

ပုထုဇဉ်ဟူသည် အသောက၊ ဝိရဇ်၊ ခေမံ ဟူသော ဆုတို့နှင့် မပြည့်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက ပုထုဇဉ် မှန်သမျှ စိတ်ရောဂါရှင်တွေဟု ဟောကြားတော်မူခဲ့သည်။

ယင်းအချက်ကြီးကို မိမိ မဆွေးနွေးမိခဲ့။

ယင်းသို့တွေးရင်း ဦးမြင့်နွယ်သည် မွန်မွန်၏ ရောဂါစစ်တမ်းများကို ပြန်သိမ်းသည်။

စင်သီယာ့ပုံလေးကိုလည်း ယုယစွာ ပြန်သိမ်းသတည်း။

တနင်္ဂနွေနေ့ နံနက်စောစောတွင် တပည့်ကျော်သက်ဝေ ပြန်မရောက်သေးသောကြောင့် ဦးမြင့်နွယ်သည် ကိုယ်တိုင် ထမင်းကြော်နေ၏။

သက်ဝေရှိစဉ်ကတော့ နောက်ဖေး မီးဖိုချောင်၌ မီးသွေးဖိုကို အသုံးပြုသည်။ ယခု ဦးမြင့်နွယ်က ထမင်းစားခန်းတွင် အရေးပေါ်အလို့ငှာထားသော လျှပ်စစ်မီးဖိုကို အသုံးပြု၏။

ထမင်းကြော်နေစဉ် လျှပ်စစ်ဟိတာ ထည့်ထားသော ရေနွေးအိုး၌ ရေနွေးက ဆူလာသည်။

ဦးမြင့်နွယ်က ဟိတာကို နုတ်လိုက်သည်။

ချိုးမကပ်ရန် ထမင်းကြော်အိုးကို လေးငါးချက်မွှေလိုက်ပြီး ကော်ဖီတစ်ခွက် ဖျော်သည်။ ကော်ဖီကျသွားစေရန် ပန်းကန်ပြားနှင့် အုပ်ထားပြီး ကျန်သောရေနွေးတွင် လက်ဖက်ခြောက်ခတ်၏။

ထမင်းကြော် ကျသောအခါ သတင်းစာဖတ်ရင်း လက်ဖက်ရည်ကြမ်းနှင့်တွဲ၍ ဇိမ်ခံစားသောက်သည်။

ရှစ်နာရီခန့်တွင် စားသောက်မှု ပြီးစီးသွားသည်။

ဆေးကြောရန်ရှိသည်တို့ကို ထမင်းစားခန်းတွင်းရှိ ရေတိုင်ကီတပ် ကြွေကန်တွင်ပင် ဆေးကြောပြီး အိမ်ပေါ်ထပ်သို့ တက်၍ အဝတ်အစားလဲသည်။

(ဆက်လက်ဖော်ပြပါမည်)

> "မောင် မောင့်အမေနဲ့ စင်သီယာ ဘယ်သူ့ကို ပိုချစ်လဲ။ သူက တုန်လှုပ်သွားသည်။ ဝမ်းနည်းစွာဖြင့်လည်း စင်သီယာကို ကြည့်မိသည်။
> ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ စင်သီယာရယ်။ စင်သီယာ့ကို ပြန်မမေးနဲ့လေ၊ စင်သီယာ မေးတာကို ဖြေပါဦး။ မတူတာနှစ်ခုကို ဘာလို့ယှဉ်ပြီး မေးချင်ရတာလဲ စင်သီယာ"

WE CARE YOUR IMAGING
IDEA Design House
DIGITAL INKJET PRINTING &
Bill Board, Box Car, Back Drop, Pamphlet,
Brochure & Commercial Design များကို
သင့်တင့်မျှတသော အဖိုးနှုန်းဖြင့် စိတ်ဆွေတို့ စိတ်တိုင်းကျ
အမြန်ဆုံး ဆောင်ရွက်ပေးနေပါသည်၊ လိုအပ်ပါက
Design ဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ကို ချက်ချင်း
ဆောင်ရွက်ပေးပါသည်။
Foam Board, Acrylic Board
ပေါ်တွင် တိုက်ရိုက်ပုံနှိပ်ပေးနိုင်ပါသည်၊
Urgent Vinyl
အမြန်ထုတ်သည်
Indoor Quality ဖြင့် Outdoor တွင်
အသုံးပြုလိုသူများအတွက်
Indoor Quality နီးပါးရှိသော
ECO စက်ဖြင့်
ရိုက်နှိပ်ပေးနေပါသည်
Stand
ကြော်ငြာပစ္စည်းအမျိုးမျိုး
design မျိုးစုံ လက်လီ / လက်ကား ရနိုင်ပါသည်
ပုံနှိပ်ပြီးမှ ပုံအတိုင်းဖြတ်လိုသူများအတွက်
Print & Cut လုပ်ပေးပါသည်
• ဘာသာရေး အလှူမင်္ဂလာဆောင်ပုံများ
• ပြခန်းများ၊ မှတ်တမ်း ဓာတ်ပုံများ ပြပွဲများ
• စီးပွားရေးလုပ်ငန်း ကြော်ငြာပုံများ
• Backlit Light Box များ
• ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီ ဘုတ်များ
• စီးရီးဘုတ်များ
• ဝေတာ့ရှိုး နောက်ခံပုံများ
• ကားများတွင် စတစ်ကာကပ်ခြင်း
Acrylic ကော်ပြား
Laser Engraving
ပလတ်စတစ်ကော်ပြားမျိုးစုံအား
လေဆာစက်ဖြင့်ဖြတ်ပေးပါသည်
ဓာတ်ပုံ Frame မျိုးစုံ
လုပ်ပေးပါသည်
No.220/222, Botahtaung Pagoda Road (Middle), Pazaundaung Township, Yangon, Myanmar. Tel : 202 224, 297 793, 90 100 48~54, 09 858 6213.

(25-3)17.pmd 1 3/23/2013, 11:07 PM

ရွှေဥဒေါင်းစာရေးသစ် စိန်ရွှေရတနာဆိုင်၏ပထမဆုံးအကြိမ်ဗုဒ္ဓဂယာဘုရားဖူး (၅) သုအပါအဝင် ဘုရားဖူးကံထူးရှင်များစာရင်း

စဉ်	ဘောက်ချာနံပါတ်	အမည်	နေရပ်လိပ်စာ
၁	၀၀၆၄	မသီရိစန္ဒာလွင်	၄-၁၂ ဘုရင့်နောင်အရာရှိရိပ်သာ၊ ဗဟန်း။ ၀၉၇၃၁၂၇၁၃၉
၂	၀၁၆၀	ဒေါ်ခင်နှင်းယု	အမှတ် ၈၅/က၊ ၆-လမ်း၊ အင်းစိန်။ ၀၉၄၅၀၀၄၀၁၂၈
၃	၀၃၄၈	မမြတ်သဲနိုင်	အမှတ်-၄၀၃၊ ရွှေလှလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်။ ၀၉၄၃၁၆၉၈၃၈
၄	၀၄၆၂	မရည်မွန်ဝင်း	အမှတ်-၃၀၊ ပေ၅၀-လမ်း၊ လှည်းတန်း။ ၀၉၄၃၁၈၁၇၆၀
၅	၀၈၀၀	ကိုသက်နိုင်	အမှတ်-၇၊ ၆-လွှာ၊ ထီးတန်း (၂)လမ်း၊ ကြည့်မြင်တိုင်။ ၀၉၈၆၃၆၁၅၂
၆	၁၀၇၂	မတင်တင်ဝင်း	အမှတ်-၁၃၄၊ ၈-လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပ။ ၀၉၇၃၁၅၉၀၁၀
၇	၁၇၂၉	နိုင်ပန်နွယ်(ဖိနပ်ဆိုင်)	အမှတ်-၆၆၊ အရှေ့ဘက်အတွင်းတန်း၊ ဗိုလ်ချုပ်ဈေးဟောင်း။ ၂၄၀၉၆၆(၃၀၈)
၈	၁၈၇၂	ကိုအောင်တင့်	အမှတ်-၂၁၁၂ နတ်မောက်လမ်း၊ ကျွန်းစံသာရပ်ကွက်၊ ၁၀။ ၀၉၄၃၁၅၂၄၁၄
၉	၁၉၈၁	ထက်ကိုကိုဦး	အမှတ်-၈၆၅၊ ရေနံရပ်ကွက်၊ သန်လျင်။ ၀၉၄၃၁၈၅၄၁၀
၁၀	၁၉၈၁	ဒေါ်ညှဉ့်ခင်	အမှတ်-၄၅၊ တကောင်းဘွားလမ်း၊ သမိုင်း။ ၀၉၄၂၀၀၆၉၃၈
၁၁	၂၀၀၇	ကိုဝင်းနိုင်	ဝါးနက်ချောင်း၊ ရှမ်းပိုင်းရပ်၊ မှော်ဘီ။ ၀၉၆၈၀၄၆၅၆
၁၂	၂၄၄၂	မသီတာအေး	အမှတ်-၅၅၆၊ ဦးထွန်းရှိန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း။ ၀၉၇၅၁၂၄၃၂၄
၁၃	၃၀၄၉	မချောသက်မွန်	အမှတ်-၉၁၊ ကိုင်းတန်းလမ်း၊ လမ်းမတော်။ ၂၂၆၀၆၄
၁၄	၃၀၇၃	မစံပယ်	အမှတ်-၃၈၃၊ မျှော်ပုံလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့။ ၀၉၇၃၃၉၀၁၄၈
၁၅	၃၃၃၈	မအေးစန္ဒာ	အမှတ်-၁၀၊ ပန်းချောင်းလမ်း မှန်/တောင်၊ စမ်းချောင်း။ ၅၂၅၃၃၉

စဉ်	ဘောက်ချာနံပါတ်	အမည်	နေရပ်လိပ်စာ
၁၆	၃၄၂၂	မနှင်းနှင်း	အမှတ်-၁၈၊ ရာဇာဓိရာဇ်လမ်း၊ ဗိုလ်တထောင်။ ၀၉၄၂၀၀၄၄၄၅၈
၁၇	၃၇၅၇	မောင်ခင်ညွန့်	တမွတ်ကျေးရွာ၊ တွံ့တေး၊ ဘုန်းဘုန်းဦးကုမာရ။ ၂၃၀၀၇၇၄
၁၈	၃၈၀၀	မအေးသန်း	ငုဝါလမ်း၊ အလုံရဲဝင်း။ ၀၉၄၃၀၃၃၆၂၀
၁၉	၃၉၃၅	ဒေါ်စီ	အမှတ်-၆၁၁၊ ပညာလမ်း၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာ။ ၀၉၄၅၀၀၃၁၉၈၃
၂၀	၃၉၆၅	ဦးစိုးဝင်း	အမှတ်-၅၀၊ ဘောဂလမ်း၊ ကြည့်မြင်တိုင်။ ၂၂၃၈၃၈၊ ၀၉၄၂၅၂၉၀၅၃၃
၂၁	၄၁၃၉	ကိုသက်လွင်	၄/၄/၁၊ ငါးထပ်တိုက်၊ မင်းဓမ္မလမ်း၊ ဝန်ထမ်းအိမ်ရာ၊ လှိုင်။ ၀၉၇၃၁၀၀၃၈၈၃
၂၂	၄၁၉၀	မတူမော	အမှတ်-၄၈၊ မြို့ဘုရား (၃)လမ်း၊ စက်မှုလက်မှုရပ်ကွက်။
၂၃	၄၂၈၆	မနွယ်နွယ်စိုး	ပီတောက်ရွှေဝါလမ်း၊ ၁၀/တ ရပ်ကွက်၊ သာကေတ။ ၀၉၄၃၁၂၃၆၃၄
၂၄	၄၇၀၂	ဒေါ်ရင်ရွှေ	အမှတ်-၁၁၀၀၊ သုမောလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ။ ၀၉၅၀၇၅၂၉၀
၂၅	၄၉၃၀	မချို	ပဟိုဝန်ထမ်းတက္ကသိုလ်၊ မောင်ကြီး။ ၀၉၄၂၀၀၃၀၅၂၀
၂၆	၅၀၈၀	ဒေါ်တင်အုန်း	ကြာတန်ကျေးရွာ၊ ကျောက်တန်း။ ၀၉၄၂၀၁၃၇၉၈၀
၂၇	၅၃၀၉	မမြင့်မြင့်နိုင်	လိုင်း(ခ)၊ ဆက်သွယ်ရေးသင်တန်းကျောင်း၊ ပုဇွန်တောင်။ ၀၉၄၂၀၁၃၄၉၃၄
၂၈	၅၅၅၅	မနှင်းနှင်းအေး	အမှတ်-၁၁၊ ၁၃၅-လမ်း၊ မတူကုန်း၊ တာမွေ။ ၀၉၇၃၂၄၉၈၀၆
၂၉	၅၇၀၇	ဒေါ်သန်းသန်း	မန္တလာကလမ်း၊ ဝါယာလက်၊ ပေါက်ကုန်း၊ မင်္ဂလာဒုံ။ ၀၉၄၃၁၃၉၂၉၀
၃၀	၅၈၂၈	မမြသန္တာ	တိုက်-၇၃၊ ငါးလွှာ၊ မန္တလေးလမ်း၊ ကန်တော်လေး။ ၃၇၄၇၁၄၊ ၀၉၄၂၀၆၄၈၉၆

ကံထူးရှင်များနှင့်တကွ အချိန်ကာလကြာရှည်စွာ အားပေးခဲ့သော ကျေးဇူးရှင် Customer များကို မေတ္တာတုံ့ပြန်သောအားဖြင့် စိန်ရွှေလက်ဝတ်ရတနာများကို အထူးသက်သာသောဈေးနှုန်း၊ အံ့ဩရင်ခုန်ဖွယ် ကောင်းလောက်အောင် လျှော့နည်းသော **အလျှော့တွက်နှုန်းထား (Discount 30% to 50%)** ဖြင့် **Promotion** ပွဲတော်ကို ၃၁. ၃. ၂၀၁၃ နေ့ နံနက် ၉း၀၀ မှ ညနေ ၆း၀၀ အထိ **တန်တော်ကြီး ပဲလေ့(စ်)ဟိုတယ်** တွင် မင်္ဂလာနှစ်သစ်ကိုကြိုဆိုသောအားဖြင့် ပျော်ရွှင်စွာရောင်းချပေးပါမည်။ ကြွရောက်အားပေးခြင်းဖြင့် စည်သွဲခံကျွေးမွေးသော အထက်တန်းကျသည့် စားသောက်ဖွယ်ရာများကို စားသောက်ရင်း ရင်းနှီးချစ်ကြည်စွာ ဆုံတွေ့ကြပါစို့။ မေတ္တာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်၍ မိတ်ဟောင်းမိတ်သစ်များ လာရောက်ပြီး ဆင်နွှဲပျော်ရွှင်ကြပါစို့။

သကြံန်ဈေးနှုန်းများဖြင့် ရောင်းချမည့် သကြံန်အကြို မော်လမြိုင်မြို့၏ အထူးခြားဆုံး ကုန်စည်ပြပွဲကြီး

ပြည်နယ်ခန်းမ၊ မော်လမြိုင်မြို့။

သင်္ကြန်အကြိုကုန်စည်ပြပွဲကြီး(မော်လမြိုင်မြို့)

3.4.2013 မှ 7.4.2013

ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777

တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများနှင့် မည်သည့်ဘွဲ့ရမဆိုတက်ရောက်နိုင်သည်

City&Guilds(UK)အင်ဂျင်နီယာ ဒီပလိုမာ သင်တန်းများအတွက်

Foundation သင်တန်းများတက်ရောက်နိုင်ပြီ

- Civil Engineering
- Mechatronic Engineering
- Mechanical&Electrical(M&E)Engineering
- Mechanical Engineering
- Electronic Engineering
- Electrical Power Engineering
- Electrical Installation Engineering
- Air-Con: & Refri: Engineering
- Plumbing

တန်းခွဲသစ်များခေါ်ပြီ

Foundation သင်တန်းတွင် English, Maths, Hand Drawing ဘာသာရပ်များကို အခမဲ့ သင်ကြားပေးမည် ဖြစ်သည်။

20%Off နယ်ကျောင်းသားများအတွက် လျော့ပေါ့ပေးမည်

အမှတ် (၁၁) ... လှိုင်သာယာ Phone : 523579, 2304055, 0949341594, 09 73043681

TECH

သောက်ရေသန့်နှင့်အချိုရည်လုပ်ငန်းရောင်းမည်

လက်ရှိလည်ပတ်လျက်ရှိသော(ISO)လက်မှတ်ရသောက်ရေသန့်နှင့် အချိုရည်ကာဘိုနိတ်တက် လိုင်စင်ရလုပ်ငန်းကို စက်ရုံအဆောက်အအုံအပါအဝင် မြေတစ်ဧကခွဲဝန်းကျင်ကိုရောင်းမည်။

ပေ(၁၀၀×၆၀)စက်ရုံနှစ်လုံး(စက်အပါအဝင်)

ပေ(၅၀×၂၀)ဂိုဒေါင်နှစ်လုံး

ပေ(၃၀×၈၀)ဂိုဒေါင်တစ်လုံး

ပြည်တွင်းလက်ရှိဈေးကွက်မှာ နာမည်ရှိပြီးသား လုပ်ငန်းဖြစ်သည်။ စိတ်ဝင်စားသူများ အောက်ပါဖုန်းသို့ အမြန်ဆက်သွယ်ပါ။

ဖုန်း-၀၉-၇၃၁၄၄၄၆၄

သဘင်ဇော်မှ

ရေထားစားဦးဘော

အကြောင်းကြား...

ပျောက်ဆုံးခြင်း

BILLION STAR TRADING Co., Ltd.၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၅၄၄/၂၀၀၈-၂၀၀၉(၁၆-၃-၂၀၀၉) ကတ်ပြားမူရင်းမှာ ၂၀-၃-၂၀၁၃ ရက် နံနက် ၁၀ နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၂၀၃၀၂၃**

ပြင်ဦးလွင်မြို့-ရပ်ကွက်ကြီး (၁၂)မှ

မြေကွက်ရောင်းမည်။

မြေအကျယ် (70 x 70)ပေ - 350 သိန်း

Ph(နှုံးရှိန်တွင်း): 09 40 255 14 52 / 09 40 255 14 85

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၄/ဗ၅၊ မြေကွက်တည်နေရာအမှတ်(၉)၊ အောင်ဘောဂလမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဒေါ်ခင်မှီ ပါ-၈) အမည်ပေါက် ဘီ(လ/န၃၉)မြေအား အမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၆၆၃/၂၃-၇-၁၉၈၅ဖြင့် ဝယ်ယူထားသူ ဦးညွန့်ဝေ(ကိုယ်စား)အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၂၇/၁-၂-၂၀၁၃ ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်လွင်ဦး[၁၂/လမန(နိုင်)၀၁၄၁၆၆]က အရောင်းအဝယ်စာချုပ်အမှတ်-၆၆၃/၁၉၈၅၏ မိတ္တူမှန်တင်ပြ၍ မြေကွက်ခွဲရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စိုင်းခွန်နောင် (အိမ်ခြံမြေ) ကုမ္ပဏီမှ

အမြန်ဝယ်/ငှားလိုသည်။

-မရမ်းကုန်း၊ကမာရွတ်၊ လှိုင်၊ ဗဟန်း မြို့နယ်များမှ လမ်းမနှင့် လမ်းသွယ်များရှိ မြေကွက်ကျယ်များ၊ လုံးချင်းအိမ်ရာများ၊ ကွန်ဒို ၊ တိုက်ခန်းများအား အမြန် ဝယ်/ငှားလိုပါသည်။

ပိုင်ရှင်များကိုယ်တိုင်ရုံးချိန်အတွင်းဆက်သွယ်ပါရန်။

အမှတ်(၁)၊ မြေညီထပ်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။

Ph : 541501, 551197, 400781, 09 73095285, 09 73056651

09 73029696, 0973165656, 0973176988

E.mail : saikhungnoung1995@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂×၂၊ မြေကွက်အမှတ် V၂၆၈၊ မြေကွက်တည်နေရာအမှတ် (၄၄)၊ (၇)လမ်း၊ (၁) ဒေါ်စု(ခ)ဒေါ်ခင်ယု[၁၂/လမတ(နိုင်)၀၁၈၅၆၅]၊ ၂။ ဦးရွှေအိုး[၁၂/လမတ (နိုင်)၀၂၂၀၁၅]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်စု(ခ)ဒေါ်ခင်ယုနှင့် ဦးရွှေအိုးတို့ကွယ်လွန်သဖြင့် ဒေါ်စု(ခ)ဒေါ်ခင်ယု၏သား ဦးမောင်မောင်အောင်[၁၂/လမတ(နိုင်)၀၁၈၅၅၅]နှင့် ဦးရွှေအိုး၏ဇနီး ဒေါ်သန်းသန်းမြင့်[၁၂/လမတ(နိုင်)၀၂၂၀၁၃]တို့က သားနှင့်ဇနီး အသီးသီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)အတွင်းရှိ ပိတောက်လမ်း၊ မြေကွက်အမှတ်(၅၀၁)နှင့် (၅၀၂)ဟုခေါ်တွင်သည့် ဧရိယာ(၂. ၁၂၀)ဧကစီအသီးသီးရှိသော မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဖူချန်(ခ)ဦးဆန်းမောင်[၉/ခအဇ(နိုင်)၀၁၅၆၁၈]နှင့် ဒေါ်စန္ဒာချစ်[၅/ခတန(ပြု)၀၀၀၁၄၈]တို့ နှစ်ဦးက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၃၀၇)
တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇

ကျေးဇူးဆပ်ပါမည် ကျွန်တော် ဦးအောင်တင်၏ နိုင်ငံကူးလက်မှတ်(M-401697)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၅၂၁၀၂၆၅၊ ၀၉-၇၃၂၂၄၇၉၂

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်-၂၅၈၊ မြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နန်းဝေ[၁၄/မအပ(နိုင်)၂၀၃၀၇၁]အမည်ပေါက် မြေနှင့်အဆောက်အအုံဖြစ်သော အမှတ်-၂၅၈၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့(ယခင်ရတနာပုံရုပ်ရှင်ရုံ)ကို လက်ဝယ်ရှိသော ပုဂ္ဂိုလ်များအနေဖြင့် ဤကြော်ငြာပါရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားဆောင်ရွက်ပါရန်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ဆက်လက်ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးနွယ်ဦး
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၂၀)
အခန်း-၀၀၄(ဘီ)၊ တိုက်အမှတ်(၉/၁၁)၊ ၃၆လမ်း၊ (လမ်းတို)၊ (အောက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၆၃၄၄၄၃၊ ၀၉-၇၃၁၃၅၄၅၀

လိပ်ခေါင်းဝေဒနာရှင်များအတွက်သတင်းကောင်း

အောင်ပင်္ဂလာ ဆေးကုရန်းတွင် နောက်ဆုံးပေါ်ဆေးကိုထိုးပြီး လိပ်ခေါင်းရောဂါကုသပေးပါသည်။ ဆေးတစ်ကြိမ်ထိုးရုံဖြင့် (၁-၃) ရက်အတွင်း လိပ်ခေါင်းသည် ကျုံ့ပြီး ကြွေကျသွားပါမည်။ ဆေးထိုးချိန်သည် တစ်မိနစ်သာကြာပြီး နာကျင်မှုလုံးဝမရှိပါ။ ဆေးရုံတက်စရာမလိုပါ။ အလုပ်ကိုလည်း မထိခိုက်ပါ။ ရောဂါပျောက်သွားပြီး နောက်တစ်ကြိမ် ထပ်မဖြစ်နိုင်တော့ပါ။

ဆေးခန်းဖွင့်ချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ(တနင်္ဂနွေနေ့တိုင်း ဆေးခန်းပိတ်သည်။)

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၃၀၂၉၅၅

အမှတ်(၁၁၁)၊ စဉ့်အိုးတန်းလမ်း(အပေါ်ဘလောက်)၊ လသာ၊ ရန်ကုန်မြို့။

ရေးတံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ လက်ရှိအသုံးပြုခ ကောက်ခံနေသော ရေး-ချောင်းတောင်တံတား (မြန်မာ့မီးရထား)၏ ၃-၄-၂၀၁၃ ရက်မှ ၃-၄-၂၀၁၆ရက် ထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၃)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါခေါ်ယူမည့်တံတား
- ရေးတံတား

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့်စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
- မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်
- ၁-၄-၂၀၁၃ ရက် (တနင်္လာနေ့) ၁၂း၀၀နာရီ

(ဃ) အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ
- မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်
- ၁-၄-၂၀၁၃ရက် (တနင်္လာနေ့) ၁၄း၀၀ နာရီ

(စ) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ
- မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

မှတ်ချက် - အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် ၂၅-၃-၂၀၁၃ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ မော်လမြိုင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်တန်းမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (သော်ကကျောင်း)မှ ၂၀၁၃ ပညာသင်နှစ်တွင် နဝမတန်း လူရည်ချွန်များအဖြစ် အရွေးချယ်ခံရသော မောင်ကောင်းဆက်ထွန်း(ဘ) ဦးထွန်းထွန်းဦး၊ မခိုင်ဇင်ထွန်း(ဘ) ဦးဇော်မင်းထွန်းတို့အတွက် ဝမ်းမြောက်ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

- ကျောက်တန်း အထက (၂) သော်ကကျောင်း
- ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ
- ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာအသင်း အဖွဲ့ဝင်များ
- သော်ကရတနာပညာရည်ချွန်ဆု၊ ဆုချီးမြှင့်ရေးအဖွဲ့ဝင်များ

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၃-ခု၊ အပတ်စဉ်(၆) ဧပြီလ (၁) ရက်နေ့ဖွင့်မည်။

ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)

ဖုန်း-၀၉-၄၃၁၉၂၁၃၉၊ ၀၉-၄၃၁၃၉၀၆၅၊ ၀၉-၄၃၁၅၅၇၉၀၊ ၀၉-၄၃၁၅၇၁၃၉၀၊ ၀၉-၅၁၄၀၁၀၃၊ ၀၉-၇၃၂၀၃၄၁၆
ဖုန်း-၀၁-၅၇၂၈၇၃၊ ၀၉-၄၃၁၉၂၁၃၈၊ ၀၉-၄၃၁၉၂၁၄၀

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့ ... အမှတ် (၄) ... မြေကွက်အမှတ် ... (၂၀' × ၄၀') (၁၀၀) ... [illegible]

သို့ဖြစ်ရာ ... [illegible] ... (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ ... အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်လွင် (ဥပဒေအဖွဲ့)
တရားလွှတ်တော်ရှေ့နေ နှင့် ဥပဒေအကြံပေး
အမှတ် (၃၉) ... [illegible]
... ရန်ကုန်မြို့ (၀၉၅၁၁၉၃၄၆)

POWER.5
ခြင်ဆေးမှုန်
ခြတွေရင်သတ်စရာမလိုဘဲ ပြေးစေတဲ့ဆေး
မြန်မာ့ရရှိနိုင်များ
■ ... ၀၉ ၄၉၂၂ ၆၆၈၈
■ ... ၀၁ ၉၆၉ ၀၃၃၀
■ ... II ... ၀၉ ၅၁၀ ၂၅၆၆၊ ၀၉ ၅၁ ၅၅၄၅၃
■ ... ၀၁ ၃၀၀၅၁၀
အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်ရောင်းလိုသူများ အမြန်ဆက်သွယ်ပါ။ ဆက်သွယ်ရန်ဖုန်း: ၀၉ ၅၁ ၇၃၈၈၁

ထားဝယ်အသင်း

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး(၄)ပါး ဂုဏ်ပူဇော်ပွဲနှင့်လူပုဂ္ဂိုလ်(၃)ဦး ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနား ဖိတ်ကြားလွှာ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော (၁) ဘဒ္ဒန္တစန္ဒဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ (၂) ဘဒ္ဒန္တအရိန္ဒမ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ (၃) ဘဒ္ဒန္တကောသလ္လ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်း၊ (၄) ဘဒ္ဒန္တဝရသေနာပတိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကဿဝင်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့အား ဂုဏ်ပူဇော်ပွဲနှင့် သုဓမ္မမဏိဇောတရဘွဲ့ချီးမြှင့်ခြင်းခံရသော (၁) ဦးထွန်းနိုင်ဦး၊ (၂) ဦးသန်းဝင်းနှင့် သုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ခြင်းခံရသော ဒေါ်စန်းစန်းနွဲ့တို့အား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်၊ မွန်းလွဲ ၁နာရီတွင် ဇမ္ဗူရတနာကျောင်းတိုက်၊ အလုံလမ်း၊ အလုံမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသား၊ ထားဝယ်သူ၊ ထားဝယ်သား များ ကြွရောက်ပူဇော်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ၊ ထားဝယ်အသင်း ဖုန်း-၀၁-၂၂၂၂၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	စက်ဆီ/ချောဆီ(၇)မျိုး	(၂၀၀၀)ပေပါ
	တင်ဒါပုံစံရောင်းချမည့်ရက်	- ၂၅-၃-၂၀၁၃
	တင်ဒါပိတ်သည့်ရက်	- ၁-၄-၂၀၁၃
	တင်ဒါပိတ်မည့်အချိန်	- ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်းအမှတ်-၀၆၇-၄၁၀၃၁၇

EMERALD MYANMAR Travels & Tours April 12
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ကုံလုံ ၄ည/၅ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး ၄ည/၅ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် ၅ည/၆ရက်
Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

ကိုညီညီအောင် "မြန်မာ့အလှ" ... ပုဂံ
* ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး Apr-12
* မုံရွာ-အလောင်းတော်ကဿပ Apr-12
* မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Apr-12
* တောင်ကြီး-အင်းလေး-ပင်းတယ Apr-12
* ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-12
* မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr-12
ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
Ph: 537416, 500706, 09-49156118, 09-450000574

★ New Star
သင်္ကြန် အထူးခရီးစဉ် (April 12)
★ တောင်ကြီး၊ အင်းလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မယ်ဆိုင်၊ ချင်းရိုင်း၊ ရွှေတြိဂံ(လော) (၁၀ ရက်ခရီး)
09 5139002, 09 448021580

မအားတော့ဘူးလား ?
ဖုန်းသာဆက်လိုက်ပါ
အေးအေးဆေးဆေး ...
Ph-09 73206026 , 09 420131374

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃စီ⁹)၊ မြေကွက်အမှတ် (V-၄၄၅/ဘီ) အရ မြေဧရိယာ (၀. ၀၄၀) ဧကရှိ နှစ် (၉၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၈၉)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလင်းဇော်လတ် [၁၂/အစန(နိုင်)၀၁၄၅၁၆]အမည်ဖြင့် မှတ်သားထားပြီး၊ ဦးလင်းဇော်လတ်ထံမှ ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၇၃၃/၂၀၁၂) အရ ရောင်းချသူ ဦးနေမျိုးကျော် [၁၂/ဥကတ(ပြု)၀၀၀၀၄၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆၊ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတပ်သားသစ်(အမျိုးသမီး)များအလိုရှိသည်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၃၅၀၀၀-၁၀၀၀-၄၀၀၀၀)ဖြင့် ရဲတပ်သား (အမျိုးသမီး)အတွက် လျှောက်လွှာများအလိုရှိသည်။

၂။ ရွေးချယ်ခြင်းခံရသူများသည် အခြေခံရဲတပ်သားသစ်သင်တန်း တက်ရောက်အောင်မြင်ပြီးသောအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲတပ်သားအဖြစ် ခန့်ထားခြင်းခံရပါမည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသမီး) ဖြစ်ရမည်။
- (ခ) ၁-၅-၂၀၁၃ ရက်တွင် အသက် (၁၈) နှစ်ထက်မငယ်၊ (၂၅) နှစ်ထက်မကြီးစေရ။
- (ဂ) ပညာအရည်အချင်းအနည်းဆုံး ဒသမတန်းအောင်မြင်ရမည်။
- (ဃ) အရပ်(၅)ပေ (၂)လက်မနှင့် အထက်ရှိရမည်။ ကိုယ်အလေးချိန် အနည်းဆုံး ပေါင် (၁၀၀) ရှိရမည်။
- (င) ပါတီနိုင်ငံရေးကင်းရှင်းရမည်။
- (စ) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။
- (ဆ) သတ်မှတ်ထားသော ဆေးစစ်ခြင်းကို အောင်မြင်သူဖြစ်ရမည်။
- (ဇ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဈ) အပျိုဖြစ်ရမည်။
- (ည) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

၄။ လျှောက်လွှာပုံစံနှင့်အတူ-
- (က) အခြေခံပညာ (၁၀)တန်းအောင် လက်မှတ်မိတ္တူ။
- (ခ) ဘွဲ့ရဖြစ်ပါက အခြေခံပညာ (၁၀)တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့ရလက်မှတ် မိတ္တူ။
- (ဂ) ပြစ်မှုကင်းရှင်းကြောင်းနှင့် ပါတီနိုင်ငံရေး ကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။
- (ဃ) အိမ်ထောင်မရှိ အပျိုဖြစ်ကြောင်း ဝန်ခံချက်။
- (င) အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နိုင်ကြောင်း ဝန်ခံချက်။
- (စ) ရဲတပ်သားသစ်အဖြစ် ခန့်အပ်ခြင်းခံရပါက (၃) နှစ်အတွင်း အိမ်ထောင်မပြုကြောင်း ဝန်ခံချက်။
- (ဆ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ဝန်ခံချက်။
- (ဇ) သင်တန်းပြီးဆုံး၍ တာဝန်ပေးအပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်။
- (ဈ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၄)ပုံပါရှိရမည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ၁၀-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ စာရွက်စာတမ်းနှင့် သတ်မှတ်အချက်အလက်များ မပြည့်စုံသည့်လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားဆောင်ရွက် ပေးမည်မဟုတ်ပါ။

